ပိတောက်နှင့်ကြိုပါမည် မာရီယာ

(၁)

နွေဦးပေါက် ရာသီတော်ဖြစ်သည်။

ဝါရှင်တန်မြို့ ဂရေးဟောင်း ကားဂိတ်မှ ခန့်ညားမွန်ရည်သော မြန်မာတဦးထွက်လာ၍ တက္ကစီတစီးကိုခေါ်သည်။ သူ၏လက်တဖက်တွင် ခရီးဆောင်အိတ်တလုံးပါ၍ အခြားလက်တဖက်တွင် အနက်ရောင်သားမွေး အပေါ်ဝတ်အင်္ကျီကို ပိုက်ထား၏။ သူသည် တက္ကစီပေါ်တက်ထိုင်ပြီးနောက် . . .

" အာရ်လမ်း နံပါတ် ၉၀၀ကို မောင်းကွာ . . . "ဟု ဒရိုင်ဘာအား ညွှန်ကြားသည်။

ဒရိုင်ဘာသည် ကားကို ကျင်လည်စွာကွေ့၍ မောင်းထွက်လာသည်။ လမ်းမကြီးပေါ်ရောက်သောအခါ မြန်မာအား တချက်ပြန်လှန်ကြည့်ပြီး စကားဆိုသည်။

" ခင်ဗျား . . . မြောက်ပိုင်းက လာတယ်ထင်တယ် "

မြန်မာသည် ဆောင်းတွင်းဝတ် သိုးမွေးဝတ်စုံထူ အညိုကိုဝတ်ထားသည့်အပြင် လက်တွင်း၌လည်း အပေါ်ဝတ်အင်္ကျီ ပါသဖြင့် ဒရိုင်ဘာက မေးခြင်းဖြစ်သည်။

" သိပ် မြောက်ဖက်က မဟုတ်ပါဘူးကွာ . . . ငါက နယူးယောက်မြို့ကတင် လာတာပါ "

" အိုး . . . နယူးယောက်မှာ အေးတုန်းလား . . . "

" အေးတုန်းပဲကွယ် . . . နှင်းတွေတောင် မပျော်သေးဘူး "

ဒရိုင်ဘာက စကားဆက်မပြောတော့ဘဲ ကားကိုဆက်မောင်းသည်။ ဝါရှင်တန်မှာ အတော်ပူနေပြီဖြစ်၍ ဆောင်းဝတ်စုံကြောင့် သူ့၌ချွေးထွက်နေသည်။ တောက်ပသောနေရောင်ကြောင့် တမြို့လုံးမှာ ကြည်လင်သာယာနေ၏။ ကားသည် အာရ်လမ်း တိုက်တလုံးရှေ့၌ရပ်လိုက်သည်။ မြန်မာက ဒရိုင်ဘာကို ငွေထုတ်ပေးလိုက်ပြီး သေတ္တာကိုဆွဲလျက် တိုက်ပေါ်တက်ခဲ့၏။

ဒုတိယထပ် အခန်းတခုရှေ့ရောက်သော် လူခေါ်ခလုတ်ကိုနှိပ်သည်။ မရှေးမနှောင်းပင် အတွင်းမှ အခြားမြန်မာ လူငယ်တဦးပေါ်လာသည်။

" ဟာ . . . ဦးစောခိုင်ကြီး၊ ခင်ဗျား . . . အကြောင်းမကြား ဘာမကြားနဲ့ . . . ကျွန်တော်က ခင်ဗျား ဒီနှစ် မလာတော့ဘူးထင်တာ . . . "

ဦးစောခိုင်က ပြုံးသည်။ သို့ရာတွင် သူ့အပြုံးမှာ နွမ်းနွမ်းနယ်နယ်ရှိလှသည်။

" အေးဗျာ . . . ကိုစိုးမြင့်၊ ကျွန်တော်က ပထမ မလာတော့ဘူးလို့ . . . ဒါပေမယ့် . . . "

ဦးစောခိုင်သည် စကားကိုအဆုံးမသတ်ဘဲ ပစ္စည်းများကိုချလျက် ဆိုဖာတလုံးထက် ခြေပစ်လက်ပစ်ထိုင်ချလိုက်သည်။ ကိုစိုးမြင့်သည် မြန်မာဝတ်စုံကို မီးပူတိုက်ရင်းဖြစ်၏။ ဦးစောခိုင် ဝင်လာစဉ် ပိတ်ထားသော မီးပူခလုတ်ကို ပြန်ဖွင့်၍ တိုက်ပုံဖြူကို ဖြန့်နေရာမှ အဆုံးမသတ်သော ဦးစောခိုင်စကားကြောင့် မော့ကြည့်သည်။

" ဒါပေမယ့် ဘာဖြစ်သလဲ၊ သင်္ကြန်နီးတော့ မနေနိုင်ဘူးမဟုတ်လား . . . ဟားဟား . . . "

ကိုစိုးမြင့်က ရွှင်ရွှင်သောသောရှိသမျှ ဦးစောခိုင်က မကြည်လင်၊ ကိုစိုးမြင့်ကိုပြန်ပြောသော သူ့အသံမှာလည်း ခြောက်ကပ်နေ၏။

" ကျွန်တော် သင်္ကြန်ပွဲလာတာ မဟုတ်ဘူး၊ ဒီနေ့သင်္ကြန်ပွဲလည်း ကျွန်တော်မတက်ဘူး "

ကိုစိုးမြင့်သည် ဦးစောခိုင်ကို အံ့သြသွားသည်။ သင်္ကြန်ဟူသည် မြန်မာမှန်သမျှကို သွေးထဲသားထဲမှကြွအောင် ရွှင်စေ မြူးစေသော ရိုးရာပွဲကြီးဖြစ်သည်။ နိုင်ငံခြားရောက် မြန်မာတို့၌ လွမ်းစရာ အနန္တရှိသည့်အနက် သင်္ကြန်သည် ထိပ်မှ ပါ၏။ ဝါရှင်တန်မြို့ မြန်မာသံအမတ်ကြီး ဦးအုံးစိန်သည် သံရုံး၌ နှစ်စဉ် သင်္ကြန်ပွဲ ကျင်းပပေးမြဲဖြစ်သည်။ ဤပွဲ၌ မုန့်ဟင်းခါး ကောင်းကောင်း စားရသည်။ ပတ္တလားတီးတတ်သူကတီး၍ သီချင်းဆိုတတ်သူကဆိုသည်။ ကုလသမဂ္ဂ မြန်မာအဖွဲ့မှ ကိုသိန်းဟန်လို ကတတ်သူက ကကြသည်။ ပွဲတွင် မြန်မာအချင်းချင်းသာမက တက်ရောက်လာသော နိုင်ငံခြားမိတ်ဆွေများ ကိုပါ ရေလောင်းသည်။ ရေလောင်းသည် ဆိုသော်လည်း ရွှဲရွှဲစိုအောင် ဗွမ်းကနဲ အားရပါးရ လောင်းကြသည်တော့မဟုတ်၊ စတိသဘောသာဖြစ်သည်။

ဤစတိသင်္ကြန်ပွဲကိုပင် စိတ်တွင်း၌ပုံကြီးချဲ့၍ အဟုတ်တကယ်ပျော်ကြရသည်။ ဝါရှင်တန်နှင့် လက်လှမ်းမီရာတဝိုက်မှ မြန်မာမှန်သမျှ မပျက်မကွက် လာကြမြဲဖြစ်သည်။

ထို့ကြောင့် ဦးစောခိုင်က သင်္ကြန်ပွဲကို မတက်လိုဆိုသောအခါ ကိုစိုးမြင့်အတွက် အထူးအဆန်းဖြစ်လျက် အံ့ဩမိခြင်း ဖြစ်လေသည်။

" ဘယ်လိုလဲ ဦးစောခိုင် . . . ခင်ဗျားကြီး တကယ် သင်္ကြန်ပွဲမတက်ဘူးလား "

" မတက်ပါဘူးဗျာ "

" နို့ . . . ဘာလို့ ခင်ဗျား ဒီလာလဲ . . . "

ဦးစောခိုင်၌ ရုတ်တရက်ဖြေစရာမရှိ။ မိမိကိုယ်၌လည်း မလာအပ် မလာထိုက်တော့ပြီဖြစ်သော ဤဝါရှင်တန်မြို့သို့ ဘာ့ကြောင့် လာခဲ့ရသည်ကို မသိ။

" ဒါကို ကျွန်တော် မသိဘူး ကိုစိုးမြင့် . . . "

ကိုစိုးမြင့်သည် စိတ်ပင်ပန်းသွားပုံရသည်။ ဝါရှင်တန်မြို့ ပူနေဆဲ မီးပူထိုးရ၍ ချွေးထွက်နေစဉ် ဦးစောခိုင်ကို မြင်ရသည်မှာ စိတ်အိုက်စရာဖြစ်နေ၏။ ကိုစိုးမြင့်သည် ရေခဲသေတ္တာကိုဖွင့်၍ ဘဒ်ဝိုင်ဇာတံဆိပ် ဘီယာသံဘူးနှစ်လုံးကို ထုတ်ယူဖောက်ပြီး တလုံးကို ဦးစောခိုင်ကိုပေးသည်။ တလုံးကို သူသောက်၏။

ကိုစိုးမြင့်မှာ ငယ်ရွယ်သေးသူဖြစ်သည်။ သံယောဇဉ်ဟူ၍လည်း မြန်မာပြည်၌ ကျန်ရစ်သူ မိခင်အိုကြီးသာရှိသည်။ သံရုံးအမှုထမ်းအဖြစ် နိုင်ငံခြားရေးတာဝန်ကိုလေ့လာနေဆဲ ဘဝကိုလည်း ပျော်ပျော်ကြီး လေ့လာနေသူဖြစ်သည်။ လုပ်စရာရှိ လုပ်သည်။ ပျော်စရာရှိပျော်သည်။ စဉ်းစားစရာရှိလျှင် လေးလေးနက်နက် စဉ်းစားတတ်သည်။

ယခု သူ့ရှေ့မှ ဦးစောခိုင်သည် စဉ်းစားစရာဖြစ်နေသည်။ ကိုစိုးမြင့်သည် ဘီယာသောက်ရင်း တွေးတောနေရာမှ ရုတ်တရက် သတိရဟန်ပြောသည်။

" ဟာ . . . ခုမှသတိရတယ်၊ မနက်က မာရီယာ ဖုန်းဆက်တယ်၊ ခင်ဗျားလာဦးမလားတဲ့ . . . "

ဦးစောခိုင် သိသိသာသာ တုန်လှုပ်သွားသည်။

" ဗျာ . . . မာရီယာ ဖုန်းဆက်တယ်၊ ခင်ဗျား ဘယ်လိုဖြေလိုက်သလဲ . . . "

" ကျွန်တော်က ကောင်မလေးကို နောက်ချင်တာနဲ့ အေး . . . လာလိမ့်မယ်၊ နင့်အန်ကယ် လာလိမ့်မယ်၊ ဒီနေ့ နေ့ခင်းရောက်မယ်လို့ ပြောလိုက်တယ်၊ အခု . . . ခင်ဗျား တကယ်ရောက်နေတယ် "

ဦးစောခိုင် ငိုင်ကျသွားသည်။ သူ့ကိုယ်သူ အစက စိတ်ကိုနိုင်သူ ထင်ခဲ့သည်။ ပြဿနာတရပ်ကို လေးလေးနက်နက် ဆုံးဖြတ်နိုင်သူဟု ယုံခဲ့သည်။ ယခု မိမိဘဝသည် မြီးကောင်ပေါက်အရွယ် လူငယ်တဦးနှင့် ဘာထူးတော့ပါသနည်း။ အချစ်ဆိုသည် အရွယ်နှင့် ပညာတို့ကို လွှမ်းမိုးကြိုးဆွဲနိုင်လွန်းစွတကား . . . ။

ဦးစောခိုင် ငိုင်နေခိုက် ကိုစိုးမြင့်သည် သူ့ပခုံးကိုကိုင်၍ စကားဆိုသည်။

" ဦးစောခိုင်ကြီး . . . ခင်ဗျား ကျွန်တော့်ကို စိတ်မဆိုးနဲ့၊ ကျွန်တော် ပြောစရာတခုရှိတယ် . . . "

" ဘာပြောစရာရှိလဲ . . . ပြောပါဗျာ "

" ခင်ဗျားတက်လာတော့ ကျွန်တော် တမင်အံ့ဩချင်ယောင်ဆောင်နေတာ၊ ခင်ဗျား ဒီကိုလာတာ ညကတည်းက ကိုသိန်းဟန်ဆီက ဖုန်းမက်ဆေ့ချ်ရပြီးပြီ၊ ဒါ့ကြောင့်လည်း ခင်ဗျားလာမယ်လို့ မာရီယာကို ကျွန်တော်ပြောလိုက်တာပဲ၊ တော်တော်ကြာဆို မာရီယာ ဒီကိုရောက်လာတော့မယ် "

ဦးစောခိုင်က ကိုစိုးမြင့်ကို မော်ကြည့်သည်။ ကိုစိုးမြင့်၏ မျက်လုံးများက ကိုယ်ချင်းစာနာမှုနှင့် ကရုဏာတရားတို့ဖြင့် ပြည့်နေ၏။

" ပြီးတော့ . . . မာရီယာ့အမေ ဒေါ်ခင်မြလွင်ကလဲ ကျွန်တော့်ကို ခင်ဗျားလာမလား မေးသေးတယ်၊ သူ့ကိုတော့ ခင်ဗျား မြန်မာပြည်ပြန်တော့မှာမို့ အလုပ်များပြီး မလာအားဘူးလို့ ကျွန်တော် ဖြေလိုက်တယ် "

" ခင်ဗျား ဘာလို့ ဒီလိုဖြေလိုက်ရသလဲ "

ဤအကြိမ်တွင် ကိုစိုးမြင့် ချက်ချင်းမဖြေ။ သူ့၌ဖြေစရာရှိသည်။ သို့ရာတွင် သူသည် မိမိဂုဏ်သိက္ခာကို ထိန်းသိမ်းသကဲ့သို့ သူတပါးဂုဏ်သိက္ခာကိုလည်း ရိုသေလေးစားသူ လူငယ်တဦးဖြစ်သည်။ တပါးသူ၏ ကိုယ်ရေးကိုယ်တာကိစ္စထဲ၌ ဝင်ရှုပ်တတ်သူလည်း မဟုတ်။ ယခု ဖြေစရာရှိ၍ ဖြေသည်ထား၊ စပ်ကြားက ဝင်နှောင့်ရာကျမည်စိုးသည်။

ထို့ကြောင့် ကိုစိုးမြင့်သည် အတန်ကြာစဉ်းစားနေပြီးမှ စကားကို သတိထား၍ပြောသည်။

" ကျွန်တော် သူများအတွင်းရေးမှာ ဝင်စွက်ဖက်တဲ့သူ မဟုတ်ဘူး၊ ဒါပေမယ့် . . . ခုတော့ မာရီယာကို သနားတယ်။ ပြီးတော့ ခင်ဗျားရင်ထဲမှာ ဘယ်လိုဖြစ်နေတာလဲ ကျွန်တော်ရိပ်မိပြီး ကျွန်တော် သိသမျှတော့ ပြောပြချင်တယ် "

" ပြောပါလေ . . . ပြောပါ "

“ ဒီက ဗမာအသိုက်အဝန်းထဲမှာ ခင်ဗျားနဲ့ ဒေါ်ခင်မြလွင်ရဲ့ ရှေးကအဖြစ်အပျက်ကို သိသင့်သမျှ သိတဲ့လူတွေ ရှိတယ်။ ဒါပေမယ့် . . . ကျွန်တော်ပြောချင်တာ သူတို့ပြောတဲ့အကြောင်း မဟုတ်ဘူး၊ မာရီယာ့အကြောင်း . . . ”

ကိုစိုးမြင့်က စကားကို ခေတ္တဆိုင်းလိုက်သည်။ ဦးစောခိုင်က ငြိမ်နားထောင်နေသည်။

“ မာရီယာဟာ အမေရိကန်သွေးတဝက်နှောပေမယ့် အင်မတန် မြန်မာဆန်ချင်တဲ့ ကလေးမပဲ၊ ပြောသံကြားတာနဲ့ လွမ်းနေရတဲ့ မြန်မာပြည်ပေါ် ခင်ဗျားနဲ့တွေ့ပြီးမှ သူ ပိုပြီး သံယောဇဉ်ကြီးနေရှာတယ် . . . ”

“ ဒါကို ကျွန်တော်သိပါတယ် . . . ”

“ သိရက်နဲ့ဆိုရင်တော့ ခင်ဗျား သိပ်စိမ်းကားရာကျနေတယ် ”

“ ဗျာ . . . ကျွန်တော် ဘယ်လိုစိမ်းကားသလဲ ”

“ ဒါတော့ ခင်ဗျားက ပိုသိမှာပေါ့ ဦးစောခိုင်၊ ကျွန်တော်နားလည်ထားက အရင်က မာရီယာဟာ ငိုတတ်တဲ့ မိန်းကလေးမဟုတ်ဘူး၊ အခု မျက်ရည်ကျတတ်နေပြီ . . . ”

ဦးစောခိုင်သည် ခေါင်းငုံ့၍ ဘီယာသံဘူးကိုသာ တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ထားသည်။ ဘာမျှမဝေဖန်။

“ မာရီယာပြောတဲ့ စကားတွေဟာ သနားဖို့ကောင်းတယ်၊ အန်ကယ်စောခိုင်ဟာ ပညာနဲ့အရွယ်မှာ မြင့်မားနေပေမယ့် အတိတ်က လွတ်လွတ်ကျွတ်ကျွတ် ရုန်းမထွက်နိုင်သေးဘူးတဲ့၊ ပြီးတော့ မာရီယာကိုတော့ လှပတဲ့ ပိတောက်ပန်း ပုံပြင်တွေပြောပြပြီး သူကိုယ်တိုင်ကတော့ ပိတောက်တစ္ဆေ အချောက်ခံနေရတယ်တဲ့ . . . ”

ဦးစောခိုင်က အံကြိတ်ထားသည် . . . ကိုစိုးမြင့်ကသာ ဆက်၏။

“ ဒီစကားတွေရဲ့ အဓိပ္ပါယ် အပြည့်အစုံကို ကျွန်တော်နားမလည်ဘူး။ ဒါပေမယ့် ဒီနေ့ မာရီယာ လာလိမ့်မယ်၊ ခင်ဗျား ဘယ်မှထွက်မသွားနဲ့ဗျာ၊ ခဏဖြစ်ဖြစ် အတွေ့ခံလိုက်ပါဦး ”

ကိုစိုးမြင့်သည် ဘီယာကို ကုန်အောင်မော့လျက် မီးပူဆက်ထိုးသည်။

ဦးစောခိုင်က ပြတင်းဆီ ထွက်လာခဲ့သည်။ နွေဦးပေါက်ရာသီ၌ အစစ သစ်လွင်နေသော ဝါရှင်တန်မြို့သည် အလွန် လှပသည်။ သံတမန်များ နေထိုင်ရာရပ်ကွက်ဖြစ်၍လည်း အထူးသန့်စင်တင့်တယ်သည်။ ပတ်ဝန်းကျင်ရှိ မေပယ်၊ ဝက်သစ်ချတို့ ရွက်သစ်များဝေ၍ စိမ်းစိုနေသည်။ ပင်စုံနှင့် ခြံတိုင်းမှ ပွင့်ဦးအားလုံးကိုလွန်၍ ချယ်ရီတို့ ထိန်ထိန်ချယ်နေသည်။ ဝါရှင်တန် ချယ်ရီတို့ ဧပြီလကျမှ ပင်လုံးကျွတ်အောင်ပွင့်သည်။ ဤအချိန်၌ မြန်မာ့မြေတွင် ပိတောက်တွေလည်း ရွှေရည်လူးနေပြီ။

ဦးစောခိုင်၏ မျက်လုံးများတွင် ရွက်သစ်ဝေသော ဝါရှင်တန်ရှုခင်းသည် ပျောက်သွားသည်။ နှောင်းရွက်ကျန်ကို ကုန်စင်အောင် ခြွေလှန်နေသော စစ်ကိုင်း၏ နွေရှုခင်းကပေါ်လာသည်။ ချယ်ရီတို့ပင် မှေးမှိန်၍ ပိတောက်က ထိန်ထိန်ဝါလာသည်။

မာရီယာ ပြောသကဲ့သို့ ပိတောက်တစ္ဆေ အခြောက်ခံနေရမှန်းကိုမူ ဦးစောခိုင် အသိအမှတ်ပြုမိလေသည်။

× × × × × × × × × × × × ×

(၂)

လွန်ခဲ့သော အနှစ်နှစ်ဆယ်ကျော် နွေဦးည၏ပန်းချီသည် မှုန်ရီမှုန်ဝါးနိုင်သည်။ မြူကြောင့် ငွေလရောင်သည် ပြာလွင်လွင်ဖြစ်နေ၏။ ပိတောက်နံ့တွေကလည်း ကြိုင်နေသည်။

စစ်ကိုင်းတိုင်း ကမ်းနားလမ်း၊ တိုင်းမင်းကြီး၏အိမ် အနောက်ဘက် ခြံစပ်ပိတောက်ပင်အောက်၌ နုထွားပျိုလွင်သော လူငယ်တဦးသည် ရင်တထိတ်ထိတ်ဖြင့် တစုံတယောက်ကို စောင့်စားနေ၏။ အလွန်ဝေးကွာသောအရပ်မှ ပေါက်ကွဲသံများ လွင့်လာနေသည်။ ပေါက်ကွဲသံပေါ်တိုင်း ကောင်းကင်ပြင်ကိုနီရဲလာစေသည့် မီးလျှံများကိုပါ တွေ့ရသည်။ လူငယ်သည် ပိတောက်ပင်ရိပ် အမှောင်၌ ကိုယ်ကို ဝှက်နိုင်သမျှဝှက်ရင်း ခြံတွင်းဆီ မျှော်မျှော်ကြည့်သည်။

မကြာမီ သစ်ရွက်ကြွေသံနှင့်ရော၍ ဖော့နင်းလာသော ခြေသံလေးပေါ်လာသည်။ ခြံထောင့်ဆီမှ ဖြူဖွေး ကျော့ရှင်းသည့် မိန်းမပျိုတဦးသည် ပိတောက်ပင်ဆီ တရွေ့ရွေ့လာနေပါ၏။

“ လွင် . . . ”

ယောက်ျားပျိုက အသံတိုးတိုးပြု၍ သစ်ပင်ရိပ်မှထွက်ကာ ကိုယ်ရောင်ပြသည်။

“ မောင် . . . ”

မိန်းမပျိုသည် အပြေးကလေးလာ၍ ဆီးကြိုလက်ကမ်းသော သူ့ရင်ခွင်တွင်းသို့ ကိုယ်ကလေးကို ပုံအပ် တိုးဝင် လိုက်သည်။

သူတို့နှစ်ဦးကား စစ်ကာလ၏ မျက်နှာငယ်သော ပိတောက်ပန်းတို့ကို သတိထားမိပုံမပေါ်။ ကြွေရွက်တို့အားလည်း အမှတ်ပြုမိဟန်မတူ။ ကြောက်မက်ဖွယ် မြည်ဟိန်းပေါက်ကွဲသံများကိုလည်း ဂရုစိုက်မိမည်မဟုတ်။

လည်ချင်းယှက်၍ အနမ်းချင်းဖလှယ်ကြသည်။ ပါးချင်းအပ်၍ နှုတ်ခမ်းချင်းထပ်ကြသည်။ လူချင်းပူး၍ ရင်ချင်းလည်း အပ်ထားကြသည်။ မိန်းမပျိုက သက်ပြင်းကို ပင်ပန်းစွာရှူ၍ သူ့ရင်ဘတ်ကို အသာအယာတွန်းသည်။

ယောကျ်ားပျိုက မိန်းမပျို၏ပုခုံးများကို ဆွဲယူနိုမ်ချရင်း ပိတောက်ပင်ရိပ်၌ထိုင်လိုက်သည်။ မိန်းမပျိုကလည်း အလိုက်သင့် သူ့ရင်ခွင်ဝယ် ကိုယ်ကလေးကို မှီလှဲချလျက်ပါလာ၏။

သူက ရေငတ်သူ၏ ဆန္ဒပြင်းပြခြင်းမျိုးဖြင့် မိန်းမပျို၏နှုတ်ခမ်းများကို အငမ်းမရ စုပ်နမ်းသည်။ မိန်းမပျိုမှာ ဖိုလှိုက်၍ မောလာသည်။ နွမ်းနယ်သောလေသံနှင့် ချစ်သူကိုတောင်းပန်၏။

“ တော်တော့ အချစ်ရယ်၊ လွင် အသက်ရှူလို့မရတော့ဘူး ”

သူက စိတ်ကို ခက်ခဲစွာ ချိုးနှိမ်နှိပ်ကွပ်လိုက်ပြီး . . .

“ လွင့်ကို မောင်သိပ်ချစ်တယ် အသက်ရယ်၊ ပြီးတော့ သိပ်အောက်မေ့ခဲ့ရတယ် ”ဟု အံကိုကြိတ်ဆိုသည်။

လွင်ဆိုသော မိန်းမပျိုက သူ့မျက်နှာကို မျက်လုံးလေးများမှေး၍ စိုက်ကြည့်နေသည်။ ထို့နောက် အေးချမ်းသိမ်မွေ့စွာ မေးသည်။

“ လွင့်ကို တကယ်ပဲ သိပ်ချစ်သလား၊ ပြီးတော့ တကယ်ပဲ သိပ်အောက်မေ့နေတာပဲလား၊ ဟင် . . . မောင် . . . ”

“ လွင် ဘာလို့မေးခွန်းတွေမေးနေရတာလဲ၊ မောင့်ကို မယုံတော့ဘူးလား . . . ”

“ မောင့်ကို ယုံပါတယ်လေ၊ ဒါပေမယ့် လွင်ကလဲ မေးပါရစေဦး . . . ”

“ မေးပါ လွင် . . . ”

“ လွင့်ကို မောင်တကယ်ချစ်တယ်ဆိုရင် ဘာလို့ လွင်နဲ့ဝေးမယ့်အလုပ်တွေ မောင်လျှောက်လုပ်နေရတာလဲ ”

သူ ခေတ္တငိုင်သွားသည်။ မျက်နှာလည်း တည်ငြိမ်သွားသကဲ့သို့ လွင့်ကိုဖက်ထားသော လက်များက အနည်းငယ် လျော့ကျသွားသည်။

သူ့ဆီမှ အဖြေမလာဘဲ တိတ်ဆိတ်သွားသောအခါ လွင်သည် သူ့ရင်ခွင်မှ ထိတ်လန့်တကြား လူးလဲထသည်။

“ မောင် . . . ကိုစောခိုင် ”

သူကမထူး။

လွင်၏ ဖြူဖွေးနူးညံ့သော လက်ကလေးများသည် ကိုစောခိုင်၏မျက်နှာကို ယုယစွာပွေ့ယူသည်။ နူးညံ့သော လက်ဖဝါးများသည် သူ၏မျက်နှာမှ ကြမ်းတမ်းသော နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးတို့၏ အတွေ့ကို ခံစားရမည်ထင်သည်။

“ မောင် . . . လွင့်ကို စိတ်ဆိုးသွားပြန်ပါပြီ၊ ဒါပေမယ့် လွင် ထပ်ပြောပါရစေဦး၊ ချစ်တယ်ဆိုတာ ပိုင်ဆိုင်လိုမှုပဲ၊ ပိုင်ဆိုင်လိုခြင်း ဆိုတာဟာလဲ နီးစပ်ခြင်းပဲ၊ ဒါပေမယ့် မောင်က လွင်နဲ့ဝေးအောင်ပြေးနေတယ် . . . ”

စောခိုင်က ငိုင်နေရာမှ လှုပ်ရှားလာသည်။ သူ့မျက်နှာသည်လည်း တည်ကြည်လျက် ခန့်ညားစွာပြုံးသည်။

“ ချစ်ရင် ပိုင်ဆိုင်နီးစပ်ချင်တယ်ဆိုတာ မှန်တယ်။ ဒါ့ကြောင့်လည်း အခက်အခဲတွေကြားထဲကစွန့်ပြီး မောင် . . . လွင့်ကိုလာခေါ်တာ . . . ”

“ အို . . . လွင့်ကိုလာခေါ်တာ၊ လွင်တို့က ဘယ်ကိုသွားရမှာလဲ . . . ”

“ လွင်နဲ့မောင်တို့က ဘယ်မှမသွားရဘူး . . . ဒီမှာပဲနေမယ်၊ ဗမာ့မြေပေါ်မှာပဲနေမယ်၊ ဘယ်မှပြေးစရာမလိုဘူး ”

လွင်က သက်ပြင်းရှိုက်၏။

“ စစ်ဖြစ်နေတာ မပြေးလို့ဖြစ်မလား မောင်၊ မောင်ကရော ဘာလို့ လွင်တို့နဲ့အတူ မလိုက်နိုင်ရသလဲ . . . ”

“ ကိုယ့်မြေကိုစွန့်ပြီး သူများမြေဆီ မောင်က ဘာလို့လိုက်ရမလဲ . . . ”

“ မောင်က မောင့်မြေတော့မစွန့်ဘူး၊ လွင့်ကိုတော့ စွန့်မယ် ”

“ လွင့်ကိုမစွန့်နိုင်လို့ မောင်အခုလာခေါ်တာပေါ့ . . . ”

“ အို . . . မောင်ရယ် . . . လွင့်မိဘတွေကို လွင်စွန့်ရမလား . . . ”

“ မောင့်မိဘတွေတောင် မောင်စွန့်နိုင်သေးတာပဲ လွင် ”

လွင်သည် ဘာမျှစကားမပြန်၊ စောခိုင်၏လည်ပင်းများကို သူ့လည်ပင်းလေးနှင့်ပွတ်ရင်း စောခိုင်ကိုသာ တင်းအောင် ဖက်ထားသည်။ ရင်ချင်းကလည်း ပူးကပ်ထိတွေ့နေ၏။

ဉပြည်သံကို လွမ်းဆွတ်ဖွယ်ကြားကြရသည်။ လွင်သည် သူ့လက်ချောင်းနုနုကလေးများကို စောခိုင်၏ဆံပင်များကြား ထိုးသွင်းပွတ်ကစားရင်း ချော့မော့စွာ သွေးဆောင်သည်။

“ လွင်တို့နဲ့ပဲ အိန္ဒိယကို လိုက်ခဲ့ပါလား မောင်ရယ်၊ ဒီလိုဆိုရင် သားရွှေအိုးထမ်းလာသလိုပဲ လွင်နဲ့မောင်လည်း မခွဲရဘူး၊ ကိုယ့်မိဘတွေနဲ့လည်း မခွဲရဘူး . . .၊ ဟိုကျရင် လွင်နဲ့မောင်လက်ထပ်ပြီး ကျောင်းဆက်နေကြတာပေါ့ . . . ”

စောခိုင်က လွင်ကို သူ့ရင်မှ တွန်းခွာသည်။ ချစ်သူ၏မျက်နှာလေးကို စေ့စေ့ကြည့်၍ ပြတ်သားစွာဆိုသည်။

“ တကိုယ်ကောင်းဆန်တဲ့ စိတ်ကူးယဉ်စကားတွေကို ရပ်လိုက်ပါ လွင်၊ မောင့်မှာ တာဝန်တွေနဲ့ အချိန်များများ မရဘူး၊ မောင်နဲ့ လွင် လိုက်မလား . . . မလိုက်ဘူးလား . . . ”

လွင်က ကြေကွဲဝမ်းနည်းစွာဖြင့် သူ့ကိုပြန်ကြည့်သည်။ ထို့နောက် စိတ်ပျက်စွာ ခေါင်းကလေးကိုခါသည်။

“ လွင်ထင်ခဲ့တာ မမှားပါဘူး၊ မောင်က လွင့်ကိုရော၊ မောင့်မိဘတွေကိုရော မချစ်ပါဘူး၊ မောင်က မောင့်ရဲဘော်တွေကိုသာ ချစ်တာပါ . . . ”

“ လွင်ပြောတာမှားတယ်၊ မောင့်မိဘတွေကိုရော လွင့်မိဘတွေကိုပါ မောင်ချစ်ပါတယ်။ ဒါပေမယ့် . . . အိုင်စီအက်စ် ဆိုတဲ့ဘွဲ့နဲ့ အတွင်းဝန် တိုင်းမင်းကြီးဆိုတဲ့ ရာထူးကြီးတွေရထားရုံနဲ့ အင်္ဂလိပ်ကို မွေးသဖခင် ကျေးဇူးရှင်လို့ထင်နေတဲ့ သူတို့ကို မကြည်ညိုနိုင်ဘူး . . . မှန်တယ် မောင့်ရဲဘော်တွေကို မောင်ချစ်တယ်၊ အဲဒါထက် မောင့်မြေကို မောင်ပိုချစ်တယ်၊ မောင်ချစ်တဲ့ မြေမှာ မောင့်ရဲဘော်တွေနဲ့ အတူနေရစ်ဖို့ မောင်ချစ်တဲ့လွင်ကို အခုလာခေါ်တာ . . . ”

လွင်၏မျက်နှာကလေးလည်း တည်ငြိမ်သွား၍ အသံလေးမှာလည်း မာလာသည်။

“ တော်တော့မောင် . . . မောင့်နိုင်ငံရေးစကားတွေ လွင် နားမထောင်ပါရစေနဲ့တော့ . . . ”

“ မောင် နိုင်ငံရေးစကားတွေ ပြောနေတာမဟုတ်ဘူး၊ ဝတ္တရားနဲ့ သစ္စာကိုပြောနေတာ၊ လွင့်ကိုမောင် ခဏခဏ ပြောဖူးတဲ့ ဘုရားအလောင်း ကျေးမင်းနဲ့ ရေသဖန်းပင်ကြီးအကြောင်း မှတ်မိသေးလား . . . ”

“ လွင်မှတ်မိပါတယ် . . . ဒါပေမယ့် ကျေးဇူးရှင်ကို မပစ်ခွာတဲ့ ကျေးမင်းကို စံနမူနာယူတယ်ဆိုတဲ့ မောင်က ဘာလို့ မောင့်မိဘအရင်းကိုတော့ စွန့်ခွာရသလဲ ”

စောခိုင်က ရယ်သည်။

“ မောင့်မိဘက မောင့်မြေလေ . . . လွင်ပြောတဲ့ မောင့်အဖေ အတွင်းဝန်မင်းကတော့ သားအရင်းကို ဝရမ်းထုတ်စေခဲ့တယ်၊ လွင့်အဖေ တိုင်းမင်းကြီးက မောင့်ကိုဖမ်းဖို့ သူကိုယ်တိုင် ဦးစီးခဲ့တယ် . . . ”

“ ဒါကတော့ မောင့်ကို ခြေလွန်လက်လွန်မဖြစ်အောင် ထိန်းဖို့ပါ မောင် ”

“ တိုင်းပြည်လွတ်လပ်အောင်လုပ်တဲ့နေရာမှာ ခြေလွန်လက်လွန်ဆိုတာမရှိဘူး လွင်၊ ခြေလိုလက်လိုပဲရှိတယ် ”

လွင်သည် သူနှင့်ဖက်၍ စကားစစ်မထိုးတော့၊ လိုရင်းကိုသာမေးသည်။

“ မောင် အခုလာတာ လွင့်ကိုခေါ်ဖို့ဟုတ်လား . . . ”

“ ဟုတ်တယ်လွင် . . . ”

“ လွင်က မလိုက်ဘူးဆိုတော့ရော . . . ”

“ လွင်က မလိုက်ဆိုရင် လွင်နဲ့မောင် ထာဝစဉ်ခွဲကြဖို့ပဲ . . . ”

လွင်က ပြုံးသည်။ ပြုံးရင်းလည်း သူ့လက်ကို ဆွဲကိုင်လိုက်သည်။

“ မောင် . . . လွင်နဲ့ ဘယ်တော့မှ မခွဲရဘူး၊ ခွဲလည်းမခွဲနိုင်ဘူး ”

“ လွင် . . . ဘာပြောတာလဲ ”

“ မောင် ဒီညလာမှာကို မောင့်ဖေဖေသိတယ်၊ လွင့်ဖေဖေလည်း သိတယ်၊ လွင် . . . သူတို့ကို အသိပေးထားတယ်၊ အခု သူတို့အားလုံး အဆင်သင့်ပဲ၊ လွင်အချက်ပေးလိုက်ရင် လာကြတော့မယ်၊ မောင် ဒီနေရာက ဘယ်မှမပြေးနိုင်ဘူး ”

သူ တုန်လှုပ်သွားသည်။ ကြားရသည်ကို မယုံဟန်၊ လွင့်ကိုယ်ကို လှုပ်၍မေးသည်။

“ လွင် . . . တကယ်ပြောတာလား၊ လွင့် . . . မောင့်ကို သစ္စာဖောက်တယ် . . . ”

“ မောင့်ကို လွင် သစ္စာမဖောက်ဘူး၊ ဒါပေမယ့် မောင် လွင့်တို့နဲ့ အတူလိုက်မှာက ဒီနည်းပဲရှိတယ် ”

ပြောပြောဆိုဆို လွင်သည် လက်ခုပ်တီးအချက်ပေးရန် ဟန်ပြင်၏။ သို့သော် သူက လျင်မြန်လှသည်။ လွင့်လက်များကို ချုပ်လိုက်သည်။ လွင် အံ့အားသင့်နေဆဲ . . . ခါးကြားမှ ဝှက်ယူလာသော ခြောက်လုံးပြူးသေနတ်ကို ထုတ်၍ပြသည်။

“ နားထောင်စမ်း လွင် . . . မောင့်ရဲဘော်တွေကို သစ္စာမဖောက်နိုင်ဘူး၊ မိန်းမတယောက်အတွက်လဲ ကိုယ့်ပြည်ကို ကိုယ်မစွန့်နိုင်ဘူး ”

သူ့အသံသည် ခက်ထန်လာ၏။ သေနတ်ပြောင်းကိုလည်း ချစ်သူ၏ရင်အုံဆီသို့ တင်းကျပ်စွာ ထောက်ထားလိုက်၏။ လွင်သည် မမျှော်လင့်သော သူ့အမူအရာကြောင့် ထိတ်လန့်ချောက်ချားသွားရှာသည်။ ရင်အုံ၌ထောက်ထားသော အေးစက်မာကျောသည့် သေနတ်ပြောင်းကိုတလှည့်၊ တင်းမာသော သူ့မျက်နှာမှ မီးဝင်းဝင်းတောက်သော မျက်လုံးများကိုတလှည့်

ပါးစပ် အဟောင်းသားနှင့် ကြည့်နေမိသည်။

“ လွင် . . . အခုပြောနေတာမှန်တယ်၊ မောင့်မှာ ချစ်သူလည်းမရှိဘူး၊ မိဘလည်း မရှိဘူး၊ မောင့်လမ်းစဉ်ကို နှောင့်ယှက်ရင် အားလုံး ရန်သူချည်းဘဲ . . . ကြားလား ”

သူက နောက်တလှမ်းဆုတ်၍ သေနတ်ကိုမူ လွင့်အားချိန်ထားသည်။

လွင်၌ ထိတ်လန့်မှုတို့ ပြယ်ကုန်သည်။ ကြေကွဲဆို့နင့်ခြင်းက လွှမ်းလာ၍ စကားမဆိုနိုင်၊ မျက်လုံးတို့၌သာ မျက်ရည်များ ပြည့်လျှံလာသည်။

ဤသည်ကို မမှုဘဲ၊ သူကသာ ဆက်အမိန့်ပေးသည်။

“ မောင်သွားမယ် . . . လွင်မလှုပ်ပါနဲ့၊ ဟိုဘက်မြစ်ဆိပ်မှာ မောင့်ရဲဘော်နှစ်ယောက်ပါသေးတယ်၊ ဘယ်သူတွေကိုမှ လိုက်မလာပါစေနဲ့၊ လိုက်လာရင် ဘယ်သူတွေပဲဖြစ်ဖြစ်၊ မောင်တို့ကျည်ဆန်တွေက အသင့်စောင့်နေမယ် . . . ဒါပဲ ”

သူက လွင့်ကို သေနတ်နှင့်ချိန်ရင်း ပိတောက်ပင်ရိပ်မှ နောက်ဆုတ်၍ခွာလာသည်။

လရောင်ကြယ်ရောင်များက တောက်ပြောင်နေသည်။

ပိတောက်နံ့တွေလည်း သင်းနေ၏။

ပေါက်ကွဲမြည်ဟီးသံများကြားမှ ဥသြငှက်သည် လွမ်းဖွယ်နွေတေးကို ဆိုညည်းနေဆဲ . . . ။

ပိတောက်ပင်ငုတ်တွင် လွင်သည် မျက်နှာကို လက်ဝါးနှင့်အုပ်ငိုရင်း မလှုပ်မယှက်ကျန်ရစ်သည်။

စောခိုင်အနေဖြင့် ခင်မြလွင်ကို ဤသို့သာ နောက်ဆုံးမြင်တွေ့ခဲ့ရလေသည်။

× × × × × × × × × × × × ×

(၃)

မုန်တိုင်းထန်သော ဂျပန်တော်လှန်ရေးကာလအပြီး အင်္ဂလိပ်ပြန်ဝင်လာသောခါ စောခိုင်၏အဖေ အိုင်စီအက်စ်ကြီး သူ့ဘုရင်ခံနှင့်အတူ မြန်မာပြည်ရောက်လာသည်။ ခင်မြလွင်၏အဖေလည်း ပြန်လာ၏။ ခင်မြလွင်မူ ပါမလာတော့ . . . ။ အိန္ဒိယ၌ရှိစဉ် အမေရိကန်စစ်တပ်မှ ဆရာဝန်တဦးနှင့် လက်ထပ်သွားသည်ဟုဆို၏။ စစ်အပြီး၌ ကလေးတယောက်ပင် ရခဲ့ပြီဟု ကြားရသည်။

တပ်မတော်မှထွက်စ ငတ်တလှည့် ပြတ်တလှည့်နှင့် နိုင်ငံရေးကို အချိန်ပြည့်လုပ်နေသော ကိုစောခိုင်အတွက် ထိုသတင်းကို ကြားရသောအခါ မတုန်လှုပ်သည့်တိုင်အောင် စိတ်မှာထိခိုက်ခဲ့ရသည်။

စောခိုင်အဖေက မြို့မဝန်ထောက်ကြီး၊ ခင်မြလွင်အဖေက ငွေတိုက်ဝန်ထောက် ဘဝများကတည်းက ခင်မြလွင်နှင့် စောခိုင်သည် အိမ်နီးနားချင်း ကစားဖော် ကစားဖက်ဖြစ်ခဲ့သည်။

နှစ်ဖက် ဖခင်များ ရာထူးကြီးရချိန်တွင် သူတို့လည်း ကောလိပ်ရောက်ချိန်၌ ခင်မြလွင်နှင့် စောခိုင်သည် ချစ်သူများ ဘဝသို့ ကူးပြောင်းခဲ့သည်။ နှစ်ဘက်လူကြီးများကလည်း သဘောတူသဖြင့် သူတို့ဘဝများသည် ဘေးလူအားကျလောက်အောင် သာယာဖြောင့်ဖြူးခဲ့ကြသည်။

သို့သော် . . . ဤ သာယာသောဘဝများသည် စစ်ကာလ ပိတောက်ပင်ရိပ်၌ နိဂုံးချုပ်ခဲ့ရသည်။

လွတ်လပ်ရေးခေတ်ဦး၌ အမွေပြတ်သားဖြစ်ခဲ့သော စောခိုင်သည် မိဘများထံ ပြန်မကပ်နိုင်ခဲ့၊ တက္ကသိုလ်သို့လည်း မရောက်ခဲ့၊ ခင်မြလွင်၏သတင်းကိုလည်း ထပ်မကြားရ။

လွတ်လပ်ရေးရသောအခါ စောခိုင်၏အဖေနှင့် ခင်မြလွင်၏အဖေသည် မြန်မာအစိုးရလက်အောက်၌ မလုပ်လိုဟု ဆိုကာ လျော်ကြေးယူ၍ အငြိမ်းစားသွားကြသည်။

စောခိုင်က နိုင်ငံရေးနယ်ပယ်မှ စာပေနယ်ပယ်သို့ ကူးခဲ့သည်။ မဂ္ဂဇင်းကြီးတစောင်၏ တာဝန်ခံအယ်ဒီတာအဖြစ် အသက်မွေးခဲ့ရသည်။

ရှည်လျားသောနှစ်များသည် တစတစဖြင့် ကုန်လွန်လာသည်။

အချိန်ဆိုသည်မှာလည်း ရင်မှဝေဒနာကို ဖုံးလွှမ်း ကုစားတတ်သည်။

စောခိုင်သည် ဖြစ်ပျက်သမျှကို တသ အမှတ်ရ၍မူ မနေခဲ့၊ သို့ရာတွင် ပိတောက်ပန်းများလှိုင်လှိုင်ပွင့်ချိန်၌ ပိတောက် တန္တေသည် သူ့ကိုခြောက်လှန့်တတ်သည်။ အနှစ်နှစ်ဆယ်ကျော်လေသည်အထိ ခြောက်လှန့်တတ်သည်။

ထိုအတောအတွင်း ကျွမ်းကျင်သူများလဲလှယ်ရေး အစီအစဉ်ဖြင့် ပုံနှိပ်ထုတ်ဝေရေးလုပ်ငန်းများကို လေ့လာရန် စောခိုင် (သို့) ဦးစောခိုင်သည် အမေရိကန်ပြည်သို့ ရောက်လာခဲ့လေသည်။

တနေ့ဦး၌ ဘတ်ကနဲလ်ပွဲတော်သို့ တက်မိခဲ့ရာမှ မာရီယာနှင့် ဆုံတွေ့ရ၏။

ဘတ်ကနဲလ်ပွဲတော်မှာ လူးဝစ်ဗီးလ်မြို့ရှိ ဘတ်ကနဲလ်တက္ကသိုလ်နှင့် မြန်မာသံရုံးတို့ ပူးတွဲကျင်းပသော ချစ်ကြည်ရေး ပွဲတော်ပင်ဖြစ်သည်။ မင်းတုန်းမင်းတရားကြီး လက်ထက်လောက်က အမေရိကန်ပြည် ဘတ်ကနဲလ်တက္ကသိုလ်သို့ ပထမဦးစွာ ရောက်လာသော မြန်မာပညာတော်သင်တဦးကို ဂုဏ်ပြု၍ကျင်းပသော ပွဲတော်ဖြစ်၏။

ဤပွဲတော်သို့ အမေရိကန်ပြည်ထောင်စု အနောက်ဘက်ကမ်းရှိ မြန်မာမှန်သမျှကို ဖိတ်သည်။ ယဉ်ကျေးမှုခြင်း ဖလှယ်ကြသည်။ တပြည်နှင့်တပြည်အကြောင်း ရင်းရင်းနှီးနှီး ဆွေးနွေးကြသည်။

ဦးစောခိုင်က ဘတ်ကနဲလ်တက္ကသိုလ် ပတ်ဝန်းကျင်ကို နှစ်သက်သည်။

မတ်လဖြစ်၍ တောင်ကုန်းတို့ထက် ဝက်သစ်ချပင်များ ရွက်သစ်မပေါ်သေး၊ နှင်းငွေမှုန်ရီရီတွင် အရိုးကျဲကျဲနှင့် ရပ်တည်နေကြသည်။

ဥသြသံသာရှိလျှင် မြန်မာပြည်၏ နွေဦးနှင့်တူလှပေမည်။ ဘတ်ကနဲလ်ပွဲတော် ဒုတိယနေ့ ညစာထမင်းစားပွဲတွင် မြန်မာသံအမတ်ကြီးက ဦးဆောင်၍ ဟောပြောပွဲလုပ်သည်။ ဟောပြောပွဲအပြီး၌ တက္ကသိုလ်အားကစားရုံကြီးတွင် အမေရိကန် မြန်မာ နှစ်နိုင်ငံကျောင်းသားများက မိမိတို့ရိုးရာ တေးသီချင်းများဖြင့် အပြန်အလှန် ဖျော်ဖြေကြသည်။။

ဤဖျော်ဖြေပွဲ၌ စာရေးဆရာ အယ်ဒီတာဖြစ်သူ ဦးစောခိုင်ကို ဇွတ်အတင်း ပွဲတောင်းကြသည်။ ရှိနယ်လ်ချန်ထွန်းက စန္ဒယားတီးသည်။ ဦးစောခိုင်က မြန်မာကျောင်းသားတို့ကိုယ်စား သူစပ်ခဲ့သော သီချင်းတပုဒ်ကို ဆိုသည်။

" မုတ်သုန်လေရူး တောင်ကမြူးခိုက်၊ နွေဦးရော်ရွက် မြေမှာသက်တဲ့၊ မောင်တို့ပြည်ရွာ စခန်းရောက်ရင်၊ မင်းလွင် မြူခိုး တိမ်ခိုးတွေယှက်၊ တောင်တော်စေတီထက်တွင်၊ မယ်တို့ဆီမှန်း လွမ်းရမည်ပင်၊ ဆောင်းရွက်ကြွေဆဲ တပြည်သူရွှေစင်၊ မောင့်ရဲ့သခင် ငယ်ကမက္ခမ်းတဲ့ . . . တကျွန်းသခင် "

ပရိသတ်ကြီးက ငြိမ်နေသည်။ သီဆိုသူ ဦးစောခိုင်က ဤသီချင်းကို အမေရိကန်ရောက် ကျောင်းသားများအတွက်ဟု သီဆိုနေရာမှ ကိုယ်ပိုင်ခံစားမှုများဝင်လာသည်။

" ခရီးနှင်လေလွင့် . . . တိမ်ဦးနှယ်၊ လူ့ဘဝ ကွန်းရိပ်တခွင်၊ တနွေဝင် ညိုဝါခြောက်တော့၊ စိုးနှောင့်ဗျာပါဝင် မပူပန်စေချင်၊ မိုးရောက်ပြန်က သစ်ဦး ဓမ္မတာပင် "

" အိပ်မက်ပမာလေလား . . .၊ တသက်မှာခြားပြီလို့ မငိုနဲ့ခင်၊ ချစ်ရင်မဝေး . . . မမုန်းရင် နီးကြသမို့ မငိုညည်းနဲ့လေ တပြည်စံ ခင်ရေ၊ အဏ္ဏဝါနှုန်းသွင် . . . သံသရာတဆုံး . . . မမုန်းနိုင်တဲ့ မေတ္တာရေစင် . . . "

သီချင်းအပြီး လက်ခုပ်သံများ တဖြောင်းဖြောင်းပေါ်နေစဉ် ဦးစောခိုင်သည် စင်မြင့်မှဆင်းလာသည်။ ပညာရေးမှူး ဦးဘမြင့်က သူ့ကို လက်ဆွဲနှုတ်ဆက် ချီးကျူးသည်။

" ဦးစောခိုင် ဒီမှာ တကယ်ပဲ လွမ်းစရာကျန်ခဲ့သလားဗျ . . . "

သူက ရယ်မောရင် ပရိသတ်အစွန်သို့ လျှောက်လာခဲ့သည်။ ထိုစဉ် တစုံတယောက်က သူ့လက်မောင်းကို ဆွဲကိုင် ရပ်စေသည်။

" သြော် . . . ရှီလာ . . . "

ရှီလာသည် နယူးယောက်မြို့ မြန်မာကောင်စစ်ဝန်တဦး၏ သမီးဖြစ်သည်။

" အန်ကယ့်သီချင်းက သိပ်ကောင်းတာပဲ၊ ရှီလာ့သူငယ်ချင်း မာရီယာက မိတ်ဖွဲ့ပေးပါဆိုလို့၊ မာရီယာ . . . ဒါ အန်ကယ်ဦးစောခိုင် . . . "

ဦးစောခိုင်က မာရီယာကို လက်ကမ်းပေးသည်။ တပြိုင်နက် သူ့မျက်လုံးများက မာရီယာ၏မျက်နှာလေးဆီသို့ ရောက်သွားသည်။

ထိုခဏ၌ ဦးစောခိုင် အသက်ရှူများရပ်သွားသည်။

မျက်တောင်များက ရှည်သမျှ ကော့ပျံနေ၏။ မျက်တောင်နှင့်မျက်ခုံးတို့၏ နက်မှောင်ခြင်းမှာ ဖြူဖွေးသော အသားကြောင့် ပိုမိုထင်ရှားသကဲ့သို့ ပြာလျှမ်းသောမျက်သားမှ မျက်ဆံနက်ကလေးသည် ပိုမိုတောက်ပနေသည်။ ဆံပင်များ ကလည်း ခွေခွေနွယ်နွယ်နှင့် ဖြူစင်သော နဖူး၊ ပါးပြင်၊ လည်တိုင်တို့ကို ဆန့်ကျင် တပ်စပ်လျက် ပေါ်လွင်တင့်တယ်နေသည်။ အနောက်နိုင်ငံသူတို့၏အသားမှာ ဖြူစင်သော်လည်း ညက်ညောခြင်းမရှိတတ်၊ ယခု ဦးစောခိုင်ရှေ့မှ ကလေးမ၏ ဖြူသော အသားတို့မှာ ချောမွတ်စင်ကြယ်ရုံမက ရှိမ်းရှိမ်းလဲ့နေသည်။

အဝါနုရောင်ကိုယ်ကပ်အကျီထက် စိမ်းပြာနု သိုးမွေးအပါးစား ဆွယ်တာပွပွလေးကို လွှမ်းထားသည်။ စကတ်မှာ အဝါခံတွင် ချောကလက်ရောင်၊ စကော့တလန်ဆင် ကွက်ကျဲဖြစ်၍ သေးသွယ်သောခါးမှ မဖားလွန်းမပွလွန်း အချိုးကျကျ ဆင်းသက်ကာရှိနေသည်။

ဤသို့လျှင် စက္ကန့်ပိုင်းအတွင်း ဦးစောခိုင်သည် မာရီယာ၏ တကိုယ်လုံးအလှကို သတိပြုမိသည်။ သတိပြုမိခိုက်ပင် တစုံတခုသော အမှတ်ရခြင်းကလည်း ရင်တွင်း၌ မသိမသာနိုးကြားလာ၏။

ဦးစောခိုင် ငိုင်နေခိုက် မာရီယာသည် ပြုံးရင်း လက်ကမ်းပေးသည်။ ပြုံးစဉ် သွားညီညီ ရှည်ရှည်များနှင့်အတူ မျက်လုံးလေများကလည်း တဖျတ်ဖျတ် ဝင်းလဲ့နေသည်ကို ဦးစောခိုင်တွေ့ရသည်။

ဦးစောခိုင်က သူ့လက်ကလေးကို တုန့်ပြန်ကမ်းယူရင်း လှုပ်ကာ နှုတ်ဆက်ရခိုက် မာရီယာက စကားဆိုသည်။

“ တွေ့ရတာ ဝမ်းသာပါတယ် အန်ကယ်ဦးစောခိုင်၊ မာရီယာ ဒီလိုခေါ်တာ စိတ်မဆိုးဘူးနော် ”

ဦးစောခိုင်မျက်လုံးများ အံ့ဩရပြန်သည်။ ချောမောသော မာရီယာသည် မြန်မာစကားနှင့် ပြေပြေပြစ်ပြစ် ပြောနေလေသည်။

“ အို အို . . . စိတ်မဆိုးပါဘူး၊ အန်ကယ့်အရွယ်က ဦးလေးအရွယ်ပဲ၊ ဦးလေအရွယ်ကို အန်ကယ်ခေါ်တာ ဘာလို့ စိတ်ဆိုးရမလဲ . . . ”

“ ဒါပေမယ့် အန်ကယ့်ရုပ်ရည်က ဦးလေးအရွယ်တော့ မရှိသေးဘူး၊ သူတို့က အန်ကယ့်ဂုဏ်ထူးတွေကိုပြောလို့သာ မာရီယာက ဦးလေးပမာ ဆက်ဆံရတာ၊ မာရီယာ့ဘာသာဆိုရင် ကိုစောခိုင်လို့ ခေါ်မိမှာပဲ၊ အဲဒီလိုဆိုရင်ရော . . . အန်ကယ် စိတ်ဆိုးဦးမှာလား . . . ”

မာရီယာက ရယ်သွမ်းသွေးရင်း ပြောသဖြင့် ဦးစောခိုင်သည် လိုက်လိုက်လှဲလှဲ ရယ်မောမိသည်။

ထိုစဉ် စန္ဒယားခုံဘေးမှ ပညာရေးမှူး သံမှူးနှင့် ဦးဘမြင့်၏ လှမ်းခေါ်သံကြားရသည်။

“ ဟော . . . ကျွန်မကိုခေါ်နေပြီ အန်ကယ်၊ မာရီယာ ခဏနေကြဦးနော် . . . သီချင်းသွားဆိုပေးဦးမယ် ”

ဦးစောခိုင်နှင့် မာရီယာကို မိတ်ဖွဲ့ပေးသော မြန်မာသူငယ်မသည် စန္ဒယားခုံဆီပြေးသည်။

စင်မြင့်ထက်၌ ဦးဘမြင့်၏ သမီးငယ်သုံးဦးသည် ထိုင်မသိမ်းအဝတ်ကိုယ်စီနှင့် အသင့်ရှိနေသည်။ ရှိနယ်က စန္ဒယားတီးပေးသောအခါ ကလေးမလေးများက ကဗျာလွတ်အက ကကြသည်။ လက်ခုပ်သံများက တဖြောင်းဖြောင်းတည်း။ ထို့နောက် မြန်မာမိန်းမပျိုတစုက သီချင်းဝိုင်းဆိုပေးခိုက် ဦးဘမြင့်၏သမီးချောသုံးဦးက သွက်လက်သောကကြိုးဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် ညီညီညာညာ အသုံးတော်ခံနေကြပြီ။

ဦးစောခိုင်၏ဘေးမှ မာရီယာသည် ခြေဖျားကလေးတထောက်ထောက်၊ ရှယ်သွယ်သော လည်တံလေးတဆန့်ဆန့်ဖြင့် သူတို့ကနေကြသည်ကိုကြည့်ရင်း လက်ခုပ်လည်းတီးပေးသည်။

“ အန်ကယ် . . . သူတို့ကသလို မာရီယာ ကချင်လိုက်တာ၊ သူတို့လက်ကလေးတွေကြည့်စမ်း ကော့ကော့လေးတွေ၊ ဟော ဟော မေးလေးတွေ Oh! it's wonderful . . . ”

မာရီယာသည် ဆွေ့ဆွေ့ခုန်ရင်း လက်ခုပ်တီးသည်။

ဦးစောခိုင်သည် မာရီယာကို ပဟေဠိပမာ ကြည့်မိသည်။

လှပသော အမေရိကန်မလေးတဦး၊ သို့ရာတွင် မြန်မာ စကားကို ပီသစွာပြောနေသည်။ ဤသည်မှာ ထူးလျက်နှင့် မဆန်း ဖြစ်ပါ၏။ ဘတ်ကနဲလ်တွင် မြန်မာလိုပီသစွာ ပြောနိုင်ရုံမက မြန်မာလို ကဗျာရွတ်တတ်သော အမေရိကန် ကျောင်းသူ ကျောင်းသားများကို တွေ့ရတတ်သည်။

“ မာရီယာ ဒီအကမျိုးသင်ရင် ခဏနဲ့ တတ်မှာပါပဲ၊ မာရီယာက ဗမာစကားတောင် ပီပီသသ မှန်မှန်ကန်ကန် ပြောတတ်နေပြီပဲ၊ စကားဆိုတာ အကထက်ခက်တယ် ”

ဦးစောခိုင် ဤသို့ မှတ်ချက်ချသည်ကို မာရီယာသည် မျက်လုံးလေးအပြူးသားနှင့် လှည့်ကြည့်သည်။ ခဏတွင် ဘာကြောင့်မှန်းမသိ၊ မာရီယာ၏မျက်နှာကလေး၌ ထူးဆန်းသောအပြုံးကလေး ပေါ်လာ၏။

“ မာရီယာ ဗမာစကား ကောင်းကောင်းပြောတတ်တာကို အန်ကယ် အံ့ဩသလား . . . ”

“ သိပ်တော့ မအံ့ဩမိဘူး မာရီယာ၊ ချီးမွမ်းတော့ ချီးမွမ်းမိတယ် ”

မာရီယာက နှစ်ခြိုက်စွာပြုံးသည်။

“ သိပ် မချီးမွမ်းနဲ့ အန်ကယ်၊ မာရီယာက ဗမာစကား ကောင်းကောင်းပြောတတ်မှာပေါ့၊ မာရီယာ့မှာ ဗမာသွေး တဝက်ပါတယ် . . . ”

ဦးစောခိုင်မှာ “ သြော် ”ဟု တခွန်းသာပြောနိုင်ပြီး လူကဲခတ်ညံ့သော မိမိကိုယ်ကို အပြစ်တင်မိသည်။

မာရီယာကသာ မကျေနပ်ဟန်နှင့် ရင်လေးကော့၍ သူ့မျက်နှာလေးကို ဟိုဘက်သည်ဘက် လှည့်ပြရင်း မေးသည်။

“ မာရီယာ့ကို ဗမာသွေးပါမှန်း မသိရလောက်အောင် မာရီယာမှာ အရှေ့တိုင်းသွင်ပြင် နည်းနည်းမှ မပါဘူးလား ဟင် . . . အန်ကယ် ”

မာရီယာက ကိုယ်ဟန်ပြမယ်လေးကဲ့သို့ မျက်နှာသွင်ပြင်ကို ရှုထောင့်အမျိုးမျိုးမှပြနေရင်း မေးသည်။ မေးဟန်၌လည်း မခံချင်သည့် စိတ်ဓာတ်ကလေး တစွန်းတစ ပြနေ၏။

" ဆောရီး မာရီယာ၊ အန်ကယ် မသေချာသေးလို့ မပြောတာပါ။ မာရီယာ့မှာ အရှေ့တိုင်းသွင်ပြင်တွေရှိပါတယ် "

မာရီယာက ဤအဖြေနှင့်မကျေနပ်။

" အဲဒါတွေက ဘာတွေလဲ "

ခက်ချေပြီ၊ ဦးစောခိုင်မှာ အဖြေရကျပ်နေသည်။

" ပြောလေ . . . အန်ကယ် "

ဦးစောခိုင်က သက်ပြင်းမသိမသာ ရှိုက်ပြုံး၍ဖြေရသည်။

" ခက်တာပဲ၊ အန်ကယ် မြင်တော့မြင်တယ် . . . ဘယ်လိုပြောရမှန်းမသိဘူး "

" အန်ကယ်က . . . မြင်တာပဲပြောပေါ့ "

ဦးစောခိုင်သည် ဒုတိယမွိ သက်ပြင်းရှိုက်ပြီး မထူးပြီမို့ အမှန်အတိုင်း ပြောချလိုက်သည်။

" အန်ကယ် ပထမဆုံးမြင်တာက မာရီယာဟာ တခြား အမေရိကန်မလေးတွေထက် ပိုလှတယ် "

" အို . . . အန်ကယ် "

" တကယ်ပဲ မာရီယာ . . . မာရီယာ့ အသားလေးတွေက ဖြူရုံသာမဘူး၊ ချောပြီးညက်နေတယ်။ ဆံပင်တွေကလည်း သူတို့လို နီတီတီ၊ ဝါကြောင်ကြောင် မဟုတ်ဘဲ ပိတုန်းရောင်လို နက်မှောင်နေတယ်၊ မာရီယာ့ မေးရိုးကျပုံက သိမ်သိမ်မွေ့မွေ့နဲ့ ပြေပြေပြစ်ပြစ်ရှိတယ်၊ ကျေနပ်ပြီလား မာရီယာ . . . "

ကျေနပ်သွားသော မာရီယာက အသံလေးထွက်အောင် ဟက်ဟက်ပက်ပက်ရယ်လိုက်ပြီး . . .

" သိပ်ကျေးဇူးတင်တယ် အန်ကယ်၊ အန်ကယ်ပြောသလိုဆိုရင် မာရီယာက သိပ်ချောနေတာပေါ့ . . . "ဟု ဆိုသဖြင့် ဦးစောခိုင် ရောရယ်မောရသည်။

ထိုစဉ် ကပွဲပြီး၍ မြန်မာကျောင်းသားများက ခြင်းလုံးခတ်ပြမည်ဖြစ်သဖြင့် နေရာချဲပေးရာ လူသူရွှေ့လျား ရှုပ်ထွေးလျက် မာရီယာနှင့် ဦးစောခိုင် စကားစပြတ်သွားကြသည်။

ခြင်းခတ်မည့် မြန်မာကျောင်းသားများက သူတို့၏ဝတ်စုံများကိုချွတ်ကြ၍ ဘောင်းဘီတို၊ စွပ်ကျယ်အကျီများဖြင့် အဆင်သင့်ရှိနေကြသည်။

" ခြင်းကို ဒီလိုပဲခတ်သလား "

အနီးရှိ မာရီယာက မေးသည်။

" တကယ် မြန်မာပြည်မှာ ခတ်ကြရင် ခါးတောင်းကြိုက်ပြီး ခတ်ကြတာပဲ မာရီယာ၊ ထိုးကွင်းနဲ့ဆို ကြည့်ကောင်းတယ်၊ အပေါ်ပိုင်းမှာလည်း အကျီချွတ်ထားရင် ကြွက်သားဆိုင်တွေလှုပ်ရှားတော့ သိပ်အမြင်လှတယ်၊ သျှောင်တစောင်းနဲ့ဆိုရင် သူတို့လှုပ်ရှားပုံက အနုပညာပိုမြောက်တယ် "

ဦးစောခိုင်က ရှင်းပြနေခိုက် ခြင်းပွဲစသည်။

ကျောင်းသားများဖြစ်၍ ပထမတန်း ခြင်းသမားများတော့မဟုတ်။ သို့ရာတွင် ခြင်းကို အတန်ကြာမြေမကျအောင် ခတ်နိုင်ကြသည်။ ဤမျှပင် အမေရိကန်ပရိသတ်သည် တအံ့တသြ ရင်သပ်ရှုမော သဘောကျကြသည်။

" အဲဒီကစားနည်းရဲ့ အခြေခံမူက ဘာလဲ အန်ကယ် "

မာရီယာက စပ်စပ်စုစုမေးသည်။

" ဒီကစားနည်းရဲ့ အခြေခံမူက ဆိုရှယ်လစ်ဇင်ပဲ (Socialism) . . . "

" ဘယ်လို အန်ကယ်၊ ဆိုရှယ်လင်ဇင် . . . "

" ဟုတ်တယ် မာရီယာ၊ ဒီကစားနည်းမှာ ငါနိုင်ပြီး သူရှုံးပါစေဆိုတဲ့ သဘောမပါဘူး။ ခြင်းလုံးမြေမကျမှုကို ရည်ရွယ်ချက်တရပ်အဖြစ် သဘောထား၊ ဒီရည်ရွယ်ချက်အောင်အောင် အများစုပေါင်းပြီး တဦးကိုတဦး ဖေးမကူညီတဲ့ ဆိုရှယ်လစ်ကစားနည်းတခုပဲ . . . "

မာရီယာ၏ မျက်လုံးဝန်းဝန်းများ ချာကနဲလည်သွားသည်။ ဘာ့ကြောင့် ချာချာလည်ရသည်ကိုလည်း ဦးစောခိုင် သိသည်။ ကွန်မြူနစ်ထမင်းလုံးတစ္ဆေ အခြောက်ခံနေရသော အမေရိကန်ပြည်၌ ဆိုရှယ်လစ်ဟူသော စကားလုံးသည်ပင် ကြက်သီးထစရာ ဖြစ်နေ၏။

မာရီယာ စကားရှည်ခွင့်မရ။ အားကျသော ဘေးမှ အမေရိကန်မိတ်ဆွေများကပါ ဝင်ခတ်သဖြင့် စည်စည်ပင်ပင် မြိုင်မြိုင်ဆိုင်ဆိုင်ဖြစ်လာသကဲ့သို့ ပရိသတ်မှာလည်း လှုပ်ရှားတက်ကြွလာကြသည်။

ခြင်းဝိုင်းအပြီး၌ သူတို့ယဉ်ကျေးမှုထုံးစံအတိုင်း ကပွဲစသည်။ အိမ်ရှင် ဘတ်ကနဲလ်ကျောင်းသူများနှင့် မြန်မာကျောင်းသားများ၊ ဘတ်ကနဲလ် ကျောင်းသားများနှင့် မြန်မာကျောင်းသူအမျိုးသမီးများ။

လူငယ်တို့သာများသဖြင့် လူငယ်ကြိုက်ခေတ်စားသော လက်တင်အမေရိကန်ခေါ် တောင်အမေရိကတိုက်မှ သွက်လက်သော ချာချာချာ အစပြုသည့် ကကြိုးများဖြင့် စကြသည်။

ဦးစောခိုင်က မသိမသာ နောက်ဆုတ်၍ပြေးရှာသည်။ သို့ရာတွင် မာရီယာက သူ့အပါးမှမခွာ။

ဦးစောခိုင်သည် အခက်ခဲဆုံးအခြေအနေတရပ်ကို ရင်ဆိုင်မိပြီဖြစ်ကြောင်း ကောင်းကောင်း သဘောပေါက်မိသည်။ ဦးစောခိုင် အနေဖြင့် အနောက်နိုင်ငံကပွဲဆိုလျှင် မျက်စိမှိတ် အယူသည်း၍ ပွတ်သဘင်ဟု တဖက်သတ်ရှုတ်ချတတ်သူမျိုး မဟုတ်။ သူ့စရိုက် လူ့ယဉ်ကျေးမှုနှင့်ဆိုသော် သူ့တို့ရိုးရာဓလေ့ဖြစ်သဖြင့် ဘာမှ ကန့်ကွက်ဖွယ်မရှိ၊ ခက်သည်မှာ ဦးစောခိုင်သည် မကတတ်၊ ကတတ်အောင်လည်း သင်ချင်စိတ်မရှိ၍ မသင်ခဲ့ပေ။

သူတို့ ယဉ်ကျေးမှုအရ ယောကျ်ားနှင့်မိန်းမ ခင်မင်ပြီးလျှင် ယောကျ်ားက မိန်းမကို ခွင့်တောင်း၍ ကပွဲ၌ ဝင်နွှဲရသည်။ ဤမျှ အလိုက်မသိတတ်သော် အလွန်ရိုင်းရာကျသည်။ မိမိက မကတတ်၍ မကခြင်းဖြစ်သော်လည်း သူတို့အမျိုးသမီးများက အထင်လွဲတတ်သည်။ ဤဂွကျမှုကို ဦးစောခိုင်သည် အကြိမ်ကြိမ်ကြုံခဲ့ရဖူးပြီ။

ဦးစောခိုင်က မာရီယာကို လှမ်းကြည့်သည်။ ယောကျ်ားပျို တဦးပြီးတဦး မာရီယာကို ကရန် လာခွင့်တောင်းကြသည်။ မာရီယာက ပြုံးချိုယဉ်ကျေးစွာဖြင့် ငြင်းပယ်တိုင်း သူတို့က ဦးစောခိုင်ကို သတိပြုလှမ်းကြည့်ပြီး တောင်းပန်ဟန် ကိုယ်ကိုယို့၍ ထွက်သွားကြသည်။

မာရီယာက လှည့်ကြည့်သည်နှင့်ဆုံ၍ ဦးစောခိုင်သည် အားနာစွာပြုံးရင်း ရိုးသားစွာပြော၏။

“ မာရီယာ . . . အဖော်ရှိရင် ဝင်ကပါ၊ အန်ကယ့်ကို အားမနာပါနဲ့ . . . ”

“ အန်ကယ်ကော . . . ”

“ မာရီယာတို့ယဉ်ကျေးမှုကို အန်ကယ်နားလည်ပါတယ် . . . အန်ကယ့်ကို ရိုင်းတယ်မထင်ပါနဲ့၊ အန်ကယ် ကတတ်ရင် သိပ်ကချင်ပါတယ်၊ ဒါပေမယ့် အန်ကယ် မကတတ်ဘူး မာရီယာ . . . ”

မာရီယာက နားလည်သက်ညှာစွာပြုံးသည်။

“ အန်ကယ် မကတတ်ဘူးဆိုတာ မာရီယာ ယုံပါတယ်၊ မာရီယာလည်း ဒီည မကချင်ပါဘူး၊ နည်းနည်း ငြီးစီစီ ဖြစ်နေတယ် ”

“ ဟုတ်ရဲ့လား မာရီယာ . . . အန်ကယ်လည်း ခေါင်းနည်းနည်း ကိုက်နေတယ်၊ အန်ကယ်က လူများများထဲ မနေတတ်ဘူး”

“ ဒါဖြင့် အန်ကယ်၊ အပြင်ထွက်လမ်းလျှောက်ကြမလား . . . ”

ဤအကြိမ်တွင်မူ ဦးစောခိုင် မငြင်းသာ မငြင်းနိုင်တော့ . . . ။

“ ကောင်းသားပဲ မာရီယာ ”

ဦးစောခိုင်နှင့် မာရီယာသည် အားကစားရုံကြီးမှ ထွက်လာခဲ့ကြသည်။

အပြင်ဘက်၌ လသာနေသည်။ မတ်လဖြစ်သော်လည်း သူတို့ပြည်၌ နှင်းမှုန်တို့ ဝေဆဲတည်း။

ဘတ်ကနဲလ် တက္ကသိုလ်မှာ ကုန်းမြင့်တောင်ပူစာလေးများထက်တွင် ဆောက်ထားသည်။ တောင်ကုန်းလေးများကို ကွေ့ပတ်လျက်ပြေးနေသော လမ်းကလေးများရှိသည်။

လရောင်ပက်သော မြေပြင်၌ ညိုမွဲသောရွက်အိုတို့ ဖုံးလွှမ်းနေသည်။

ဦးစောခိုင်နှင့် မာရီယာသည် တိတ်ဆိတ်စွာ လျှောက်လာကြသဖြင့် သူတို့၏ဖိနပ်သံများသာ ပေါ်ထွက်နေသည်။

ဦးစောခိုင်၏ရင်၌မူ ဘာကြောင့် ဤကလေးမသည် ပျော်ရွှင်စွာသော ကပွဲကိုစွန့်ခွာကာ ဆိတ်သုဉ်းသော မိမိနောက် လိုက်ပါလာသလဲဟု မေးခွန်းပေါ်နေသည်။

နှစ်ဦးသားသည် ဘုရားရှိခိုးကျောင်းအနီးတွင် ရပ်လိုက်ကြသည်။ လမ်းဘေး သွေ့ခြောက်နေသော မြက်ခင်းထက် အတူထိုင်ကြသည်။

ဝက်သစ်ချပင်ကြီးများသည် အရွက်မဲ့၍ အရိုးကျဲကျဲနှင့် လရောင်တွင် မားမားမတ်မတ် အစီအရီ ရပ်နေကြသည်။ ရာသီမှာ အနည်းငယ်အေးသော်လည်း နေသာထိုင်သာရှိသည်။

သန့်ရှင်းလတ်ဆတ်သောလေကို ရှူရသဖြင့် ဦးစောခိုင်မှာ လန်းဆန်းလာသည်။

မာရီယာက စ၍ စကားဆိုသည်။

“ အန်ကယ် . . . သိပ်ငြိမ်တာပဲ၊ ဘာတွေစိတ်ကူးလာလဲ ”

ထိုအခါမှ ဦးစောခိုင်သည် လူမှုမချေင်သော သူ့အဖြစ်ကို သတိရသည်။

“ တောင်းပန်ပါတယ် မာရီယာ . . . ဒါပေမယ့် အန်ကယ် အတွေးနက်သွားမိတာကတော့ အမှန်ပါပဲ၊ အန်ကယ် နေရတဲ့ဘဝကိုသိရင် မာရီယာ ခွင့်လွှတ်နိုင်မှာပါပဲ . . . ”

“ အန်ကယ် ဘာဆိုလိုတာလဲ ”

“ အန်ကယ်က နယူးယောက်မှာနေရတယ်၊ နယူးယောက်က သိပ်စိတ်ပျက်ဖို့ကောင်းတယ် ”

“ နယူးယောက်က စိတ်ပျက်ဖို့ကောင်းတယ်၊ လူများတွေကတော့ စိတ်ဝင်စားစရာဆိုပြီး တမင်တောင် သွားလည် ကြရတယ် . . . ”

“ နယူးယောက်ဟာ အင်မတန် စိတ်ဝင်စားစရာအကောင်းဆုံး၊ ကမ္ဘာပေါ်မှာ အံ့ဩစရာအကောင်းဆုံးမြို့ကြီးပါ မာရီယာ၊ နယူးယောက်ကို စိတ်ပျက်တယ်ဆိုတာ နယူးယောက်ကြောင့်မဟုတ်ပါဘူး . . . အန်ကယ်ရဲ့ စိတ္တဗေဒ အခြေခံအရ ဖြစ်ပါလိမ့်မယ် . . . ”

မာရီယာသည် ဦးစောခိုင်ကို နားမလည်သယောင် မော်ကြည့်သည်။

“ အန်ကယ် ရှင်းပြပါမယ်၊ နယူးယောက်မြို့ကြီးက ကြီးလွန်းအားကြီးတယ်၊ အံ့ဩစရာတွေများလွန်းတော့ ဘာမှ အဆန်းမဟုတ်တော့ဘူး။ မိုးထိတိုက်ကြီးတွေက ခုလို ဆောင်းဆို မှိုင်းမှိုင်းညိုညိုကြီးတွေ၊ သစ်ပင်တောတောင်ကနည်းတယ်။ နှင်းပဲကျကျ၊ မုန်တိုင်းပဲလာလာ၊ ရှုပ်ထွေးပြည့်ကျပ်နေတဲ့ကားတွေ၊ လူတွေ၊ ထိန်လင်းနေတဲ့ မီးရောင်တွေ၊ ဒါတွေဟာ ကြာတော့ ငြီးငွေ့စရာဖြစ်လာတယ်၊ အန်ကယ်က တောတောင်ရေမြေ လယ်ကွင်းတွေနဲ့ လွတ်လပ်တဲ့ သဘာဝကိုကြိုက်တယ် ”

“ ဘတ်ကနဲလ်ကိုရော . . . အန်ကယ် ဘယ်လိုသဘောရသလဲ ”

“ ဘတ်ကနဲလ်ကိုရော လူးဝစ်ဗီးလ်ကိုရော အန်ကယ်သဘောကျတယ်၊ စိတ်ဟာ လွတ်လပ်တယ်၊ အသက်ရှူရတာ ချောင်တယ် . . . ”

မာရီယာသည် သဲ့သဲ့ရယ်သည်။

“ နယူးယောက်ကတော့ အန်ကယ့်ကို စိတ်ဆိုးမှာပဲ ”

“ ဒီလိုဆို နယူးယောက်ကို အန်ကယ် တောင်းပန်ရမှာပဲ၊ အန်ကယ်က နယူးယောက်ရော၊ လန်ဒန်ရော၊ ရန်ကုန် မြို့ကြီးတွေဆို အကုန်မုန်းတယ်။ အန်ကယ့်ကို မြက်ခင်းတွေ၊ တောတွေ၊ လယ်ကွင်းတွေ၊ စမ်းချောင်းတွေ ပေးပါ။ အန်ကယ် ပျော်တယ် . . . ”

မာရီယာသည် ငွေဆည်းလည်းသံပမာရယ်ရင်း ပါရှန်းစာဆိုကြီး အိုမာခယမ်၏ ယူဘီးယက်ကဗျာမှ စာတပိုဒ်ကို ရွတ်သည်။

“ ပေါင်မုန့်တလုံး၊ ဝိုင်တခွက်၊ လင်္ကာတပုဒ်နဲ့ ချစ်သူတယောက်သာ ရှိပါစေ၊ တောတောင်ကန္တာရဟာ ပြည့်စုံ လုံလောက်သော ကောင်းကင်ဘုံ . . . ဒီလို ဆိုသလား အန်ကယ် ”

ဦးစောခိုင်သည် အမှတ်မထင် မချိပြုံးပြုံးမိသည်။

“ ချစ်သူတယောက်ဆိုတာတော့ ခြွင်းချက်အဖြစ် အန်ကယ်ထားရမယ်။ ချစ်သူဆိုတာကို မမျှော်လင့်ရဲသလို မမျှော်လင့်ချင်ဘူး . . . မာရီယာ၊ တောတောင်ကန္တာရကိုတော့ အန်ကယ် ကောင်းကင်ဘုံလို့ထင်မိတယ် ”

မာရီယာ၏ မျက်နှာလေးမှာ တည်ကြည်သွားသည်။ လေးနက်သော အသံလေးဖြင့်မေး၏။

“ ချစ်သူဆိုတာကို မမျှော်လင့်ဘူးဆိုရင် ဒီလောကမှာ အန်ကယ်ဟာ ကံအဆိုးဆုံးလူတယောက်ဖြစ်သွားမှာပေါ့၊ ထားပါတော့လေ . . . ဒါပေမယ့် အခုအန်ကယ်ပြောနေတာဟာ စောစောက အန်ကယ်ဆိုတဲ့သီချင်းနဲ့ ဆန့်ကျင်ဘက် ဖြစ်နေတယ် ”

“ ဘယ်လိုလဲ မာရီယာ ”

“ မာရီယာ စာသားအကုန် မမှတ်မိဘူး၊ ဘာတဲ့ အဲ . . . လူ့ဘဝဟာ တိမ်လိုပဲ မရေရာဘူး၊ နွေမှာခြောက်နေပေမယ့် မိုးရောက်ရင် စိမ်းလန်းမှာပဲ ဆိုတာလေ . . . အန်ကယ် အဲဒီအပိုဒ် ပြန်ရွတ်ပြစမ်းပါ ”

“ အန်ကယ့်ကို ဘာလို့ ဒီဟာကို ပြန်ရွတ်ခိုင်းရတာလဲ . . . မာရီယာ ”

“ မာရီယာ ဗမာသီချင်းတွေကို ပြန်လေ့လာနေတယ်၊ အန်ကယ့်သီချင်းကို မာရီယာ သိပ်ကြိုက်တယ်၊ ဒါ့ကြောင့်လဲ အန်ကယ်နဲ့သိရအောင် မိတ်ဖွဲ့တာပဲ . . . ”

ဦးစောခိုင်သည် မယုံကြည်ဟန် မာရီယာကို ပြန်ကြည့်သည်။ ဤသည်ကို မာရီယာ ရိပ်မိသည်။

“ အန်ကယ် . . . မာရီယာ့ကို မယုံဘူးမဟုတ်လား၊ မာရီယာ့ကို တခြားဗမာတွေကလဲ မယုံဘူး၊ သူတို့ယုံအောင်လဲ မာရီယာ ကြိုးစားနေတာ မဟုတ်ပါဘူး၊ မာရီယာက အဖြေရှာနေသူပါ ”

" မာရီယာ . . . ဘာကို အဖြေရှာနေတာလဲ "

" အဲဒါကို မာရီယာကိုယ်တိုင်လည်း မသိဘူးလေ၊ အန်ကယ်က တခြားလူတွေလိုမဟုတ်ဘဲ မြန်မာပြည်က စာရေးဆရာ၊ ကဗျာဆရာ၊ သတင်းစာဆရာကြီးလို့သိရတော့ အန်ကယ့်ဆီက မာရီယာ အဖြေသိရမလား မျှော်လင့်မိတယ်"

မာရီယာ၏ပြောဟန်နှင့် မျက်နှာထား၌ လေးနက်တည်ကြည်မှုကို ဦးစောခိုင်မြင်ရသည်။

" မာရီယာပြောတာတွေဟာ ရောယှက် ရှုပ်ထွေးကုန်ပြီ၊ အစက မာရီယာဟာ အန်ကယ့်ကို သီချင်းပြန်ဆိုခိုင်းတာ မဟုတ်လား . . . "

" ဟုတ်တယ်လေ၊ ဒါနဲ့ဆက်သွယ်နေတာပဲ။ မာရီယာ ဒီနေ့ အမေရိကန်သီချင်းတွေ မကြိုက်ဘူး၊ အချစ်ကိုဖွဲ့ရင် တိုက်ရိုက်ဖွဲ့ကြတယ်၊ ငိုစရာရှိရင် ကွဲအောင် အော်တယ်။ အချစ်တို့၊ ငိုခြင်းတို့၊ ရယ်ခြင်းတို့ဆိုတာ ဘဝနဲ့မကင်းဘူး။ ဘဝနဲ့ မကင်းရင် ဟို . . . ဗမာလို ဘယ်လိုခေါ်မလဲ၊ ဖီလိုဆိုဖီ . . . "

" ယထာဘူတပညာ၊ သဘာဝတ္တဗေဒ၊ အဘိဓမ္မာ အမျိုးမျိုးခေါ်ကြတာဘဲ . . . ထားပါလေ၊ တွေးခေါ်မြော်မြင်ရေး ဆိုရင် လုံလောက်ပါတယ် မာရီယာ "

" အန်ကယ့်စကားတွေက ခက်တယ်၊ မာရီယာ့မြန်မာစကားက ဒီလောက်မတတ်သေးဘူး၊ တွေးခေါ် . . . ဘာ အဲ . . . တွေးခေါ်မြော်မြင်ရေးဟုတ်လား၊ မာရီယာ့စကားကို ပြန်ကောက်မယ်။ ဘဝနဲ့မကင်းရင် တွေးခေါ်မြော်မြင်ရေးနဲ့ မကင်းဘူးပေါ့၊ မာရီယာပြောတာမှန်တယ်နော် . . . "

" မှန်ပါတယ် မာရီယာ "

" အဲ . . . တွေးခေါ်မြော်မြင်ရေးမှာ . . . ဟိုဒင်း ဘာတဲ့ . . . "

မာရီယာသည် သူတတ်သမျှ မြန်မာစကားကို စဉ်းစားနေရှာသည်။

" အင်္ဂလိပ်လိုပဲပြောပါ မာရီယာ . . . အန်ကယ် ဘာသာပြန်ပေးပါ့မယ် "

" ဆင်ဘယ်လစ်ဇင်လေ (Sybolism) . . . "

" ဒီစကားကိုလည်း အတိအကျ ဘာသာပြန်ဖို့ခက်တယ် မာရီယာ၊ ယာယီ စကားပြောလို့ဖြစ်အောင် "ပမာတင်စား" ဆိုတဲ့စကား သုံးရအောင် . . . "

" ဟုတ်ပြီ . . . ခုနက အန်ကယ့်သီချင်းမှာ တွေးခေါ်မြော်မြင်ရေးကို ပမာတင်စားထားတာ တွေ့ရတယ်၊ မာရီယာ့ကို ပြန်ဆိုပြပါ . . . "

ဦးစောခိုင်သည် မာရီယာ့အပေါ် ကရုဏာသက်သွားသည်။ ထို့ကြောင့် ယခုအကြိမ်တွင်မူ မငြင်းသာတော့ဘဲ သံနေသံထားနှင့်ဆိုပြသည်။

" ခရီးနှင်လေလွင့် . . . တိမ်ဦးနှယ်၊ လူ့ဘဝ ကွန်းရိပ်တခွင်၊ တနွေဝင် ညိုဝါခြောက်တော့၊ စိုးနှောင့်ဗျာပါဝင် မပူပန်စေချင်၊ မိုးရောက်ပြန်က သစ်ဦး ဓမ္မတာပင် "

မာရီယာသည် မျက်တောင်များကိုကော့စင်း၍ ဆိတ်ဆိတ်ငြိမ်ငြိမ် နားထောင်နေသည်။ ဦးစောခိုင်က သီချင်းကို ရပ်သော် လှုပ်ရှားလာသည်။

" အန်ကယ့်သီချင်း မဆုံးသေးဘူး "

လရောင်သည် ပိုထိန်လင်းလာ၏။ နှင်းမှုန်တို့သည် လရောင်၌ ခုန်ကနေကြသည်။

ရင်ဝယ် ဆွေးမြေ့ခြင်းလွှမ်းလာသော ဦးစောခိုင်က သီချင်းကို လှိုက်လှိုက်လှဲလှဲ ဆက်ဆိုသည်။ ဤအကြိမ်တွင်မူ မာရီယာ့အတွက်မဟုတ်၊ မည်သူ့အတွက်မှန်းလည်း သူမသိ။

" အိပ်မက်ပမာလေလား . . .၊ တသက်မှာခြားပြီလို့ မငိုနဲ့ခင်၊ ချစ်ရင်မဝေး . . . မမုန်းရင် နီးကြသမို့ မငိုညည်းနဲ့လေ တပြည်စံ ခင်ရေ၊ အဏ္ဏဝါနှုန်းသွင် . . . သံသရာတဆုံး . . . မမုန်းနိုင်တဲ့ မေတ္တာရေစင် . . . "

သီချင်းအဆုံး၌ မာရီယာ၏ ဖြူနုသော လက်ကလေးများက သူ့လက်မောင်းများကို ဆုပ်ကိုင်ထားမှန်း ဦးစောခိုင် သတိပြုမိသည်။

မာရီယာ့ မျက်လုံးလေးများ၌ မျက်ရည်တို့ ဝဲနေ၏။

ဦးစောခိုင်က ဣန္ဒြေဆောင်ကာ ဇွတ်ပြုံးယူရသည်။

" ဒါပဲ မာရီယာ၊ ကဲ . . . ဘာတွေဆက်မေးဦးမလဲ "

မာရီယာက သူ့လက်မောင်းကို ဆုပ်ကိုင်ထားသည်ကို မလွှတ်ဘဲ ဆက်မေးသည်။

" မေးမှာပဲ အန်ကယ်၊ အန်ကယ့်သီချင်းကို မာရီယာ့ရင်ထဲမှာ ခံစားရတယ်၊ ဒီသီချင်းမှာ အဓိပ္ပါယ်ရှိသလား၊ အဓိပ္ပါယ်ဆိုတာက ရည်ရွယ်ထားတာရှိသလား . . . "

" မာရီယာ ဘာကိုဆိုလိုသလဲ "

" မာရီယာ ဆိုလိုတာ ရှင်းပါတယ် ထင်ပါတယ် "

မာရီယာဆိုလိုသည်မှာ ရှင်းမှန်းသိသည်။ ထို့ကြောင့်ပင် အမှန်ကို ဝန်မခံလိုသော ဦးစောခိုင်သည် လှိုးလွှဲ၍ဖြေသည်။

" အဓိပ္ပါယ်ရှိတာပေါ့ မာရီယာ၊ အခုဆိုရင် မြန်မာပြည်မှာ ရွက်ဝါတွေကြွေနေပြီ . . . မြူတွေကလည်း ဆိုင်းနေပြီ၊ ဒီ ဘတ်ကနဲလ် ပတ်ဝန်းကျင်က မြန်မာပြည်ရဲ့နွေကို သတိရစေတယ်လေ။ ဒီ ဝက်သစ်ချပင်တွေ အရိုးကျဲကျဲဖြစ်နေပုံက မြန်မာပြည်နွေရဲ့ သစ်ပင်တွေလိုပဲ။ တခုတော့ရှိတယ် . . . မြန်မာပြည်မှာ မကြာခင် ပိတောက်တွေပွင့်တော့မယ်၊ ပိတောက်ပွင့်တဲ့ မြန်မာပြည်ရဲ့နွေကို အန်ကယ်လွမ်းတယ်။ ဒီ အလွမ်းစိတ်ကြောင့် ဒီသီချင်းကို စပ်ဆိုမိတာလားမသိဘူး။ အဓိပ္ပါယ်ကတော့ ဒီလောက်ပဲရှိတယ် မာရီယာ . . . "

" အဲဒီ ပိတောက်ဆိုတာက ဘက်တီတင်မောင်တို့၊ အေးအေးသင်းတို့ဆီက မာရီယာကြားဖူးတယ် . . . အင်မတန် မြင့်မြတ်သလို လွမ်းဖို့ကောင်းတဲ့ ပန်းတမျိုးဆို . . . အန်ကယ်။ ပိတောက်အကြောင်း မာရီယာ့ကို ပြောပြမလား "

ဦးစောခိုင်သည် မာရီယာ့လက်ကလေးကိုဆွဲကာ နေရာမှထသည်။

" ပိတောက်အကြောင်း အန်ကယ်ပြောပြရင် မိုးလင်းသွားလိမ့်မယ် မာရီယာ၊ ဒီတော့ အန်ကယ်တို့ ပြန်ကြရအောင်၊ နောက်မှ မာရီယာ့ကို အန်ကယ် ပိတောက်အကြောင်း ပြောပြမယ် "

မာရီယာကလည်း နေရာမှထသည်။

" အန်ကယ် . . . အီစတာ ဟောလီးဒေးမှာ ဝါရှင်တန်ကိုလာမလား . . . မာရီယာမျှော်နေမယ် "

" အီစတာ ဟောလီးဒေးမှာ အန်ကယ် ဝါရှင်တန်ကိုလာဖို့မှန်းထားတယ် မာရီယာ . . . "

မာရီယာသည် ကလေးငယ်ပမာ ရွှင်မြူးသွား၏။

" အို . . . ဆက်ဆက်လာနော် . . . အန်ကယ့်ကို မာရီယာ မေးစရာတွေ အများကြီးရှိသေးတယ် "

မာရီယာက သူ့လက်နှစ်ဖက်ကို ဆုပ်ကိုင်ရင်း ရပ်နေသည်။ ထိုစဉ် သူက သတိရသည်။

" နေပါဦး မာရီယာ . . . မာရီယာက ဗမာသွေးတဝက်ပါတယ်ပြောတယ်၊ မာရီယာ့မိဘက ဘယ်သူတွေလဲ "

" ဟုတ်ပါရဲ့ မာရီယာ မပြောရသေးဘူး၊ မာရီယာ့ ဒက်ဒီက ဆရာဝန်တဦးပဲ . . . ဒေါက်တာ စတက်ဟန်၊ မာရီယာ့ နာမည်အပြည့်အစုံက မာရီယာ စတက်ဟန်၊ မာရီယာ့မေမေကတော့ . . . "

မာရီယာသည် ခေတ္တဆိုင်းသွားသည်။ ပြန်ပြောသောအသံ၌ ဝမ်းနည်းမှုလွှမ်းနေသည်။

" မာရီယာ့မေမေက ဗမာတဦးပဲ၊ ဒါပေမယ့် သူက ဗမာတွေကို မုန်းတယ်၊ ဗမာတွေကလည်း သူနဲ့ သိပ်ပြီး အပေါင်းအသင်းမလုပ်ဘူး၊ ဒါပေမယ့် . . . ဒက်ဒီကတော့ ဗမာတွေနဲ့ အရှေ့တိုင်းသားအားလုံးကို အထင်ကြီးပြီး လေးစားပါတယ် "

" မာရီယာ့အမေနာမည်က ဒေါ်လွင် . . . ဒေါ်ခင်မြလွင် . . . "

ဦးစောခိုင် ခေါင်းမှာ ချာချာလည်သွားသည်။ နှလုံးသွေးသည် ငယ်ထိပ်တက်ဆောင့်သည် ထင်မိ၏။

မိမိလက်ကိုကိုင်ရင်း အပြစ်ကင်းစွာ ရပ်နေသူကလေးကို ကြောင်ကြည့်နေမိသည်။

ပတ်ဝန်းကျင်၌ မြူပမာ နှင်းတို့ဝေနေသည်။ လကလည်း သာနေ၏။ အရိုးကျဲကျဲနှင့် ဝက်သစ်ချပင်တို့က ပိတောက်ပင်ရိပ်နှင့် တူလွန်းနေသည်။

ချောမောနုနယ်သော မာရီယာ၏မျက်နှာလေးကို ငေးနေစဉ် ဦးစောခိုင်သည် တွေ့စက ရင်၌ မသိမသာပေါ်ခဲ့သော တစုံတခုကို အမှတ်ရမိမှုအား နားလည်ပေပြီ။

ပိတောက်တစ္ဆေသည် မိမိအား ကောင်းကောင်း ခြောက်လှန့်ပေပြီတကား . . .။

× × × × × × × × × × × × ×

(၄)

မာရီယာကို အီစတာ ဟောလီးဒေးအတွင်း ဝါရှင်တန်သို့လာမည်မှန်းကြောင်း ပြောခဲ့ရသော်လည်း နယူးယောက်မြို့သို့ ပြန်ရောက်ပြီးနောက် ဦးစောခိုင်သည် ဝါရှင်တန်သို့ သွားသင့် မသွားသင့် ချီတုံချတုံဖြစ်နေခဲ့သည်။

ခင်မြလွင်၊ ဤနာမည်က သူ့ကို တစ္ဆေပမာ အမြဲခြောက်လှန့်နေခဲ့သည်။ ဖြစ်ပျက်ခဲ့သမျှ၌ သူမှားလေသလော၊ မိမိ မှန်ခဲ့လေသလော ဆိုသည်ကို ဦးစောခိုင် ပြန်မတွေးလိုတော့။ တဦးနှင့်တဦး ပြန်မတွေ့လျှင်မူ အစစ အကောင်းဆုံးဟု ထင်သည်။ တကြိမ်ကမူ ဤအသက် ဤကမ္ဘာတွင် ခင်မြလွင်ကို မိမိပြန်မတွေ့နိုင်တော့ဟု ယုံခဲ့သည်။ ဘဝခြားခဲ့သည်ပမာပင်

ထင်ယောင်မှားခဲ့သည်။ ယခု မာရီယာကြောင့် ခင်မြလွင်သည် သေရာမှထ၍ ပြန်ရှင်သကဲ့သို့ဖြစ်နေမည်။

ကိုယ့်ကိုယ်ကို စိတ်မလှည့်စားတတ်သည့် အရွယ်တိုင်ပြီမို့ မာရီယာပေါ်တွင် မိမိသံယောဇဉ် အမှတ်မထင် တွယ်မိခဲ့ကြောင်း ဦးစောခိုင် သတိပြုမိ၏။

သတိပြုမိသည့် ခဏ၌ အကြီးအကျယ် ထိတ်လန့်တုန်လှုပ်မိသည်။ ဝါရှင်တန်သို့ မသွားတော့ဟုလည်း ဆုံးဖြတ်မိ၏။

ဦးစောခိုင်သည် ဤပြည်၌ ပုံနှိပ်လုပ်ငန်းများကို လှည့်ပတ်ကြည့်ရှုခြင်း ပြီးခဲ့ပြီ။

ကိုလံဘီယာတက္ကသိုလ် စာနယ်ဇင်းသင်တန်းကိုတက်ရင်း ကုလသမဂ္ဂ ပြန်ကြားရေးဌာန၌လည်း လက်တွေ့လေ့လာဆည်းပူးနေရသည်။ တနှစ်ကျော်နေရဦးမည် . . . ဤအတွင်း ခင်မြလွင်၊ မာရီယာနှင့် ဝါရှင်တန်ကို ရှောင်ရမည်။

သို့ရာတွင် ရှောင်ချင်သော ဝါရှင်တန်ကိုမှ အီစတာ ဟောလီးဒေးများမတိုင်မီ ဆိုက်ဆိုက်မြိုက်မြိုက် သွားခဲ့ရသည်။

မိမိ၏ လေ့လာရေးအစီအစဉ်ကိုဆွဲပေးသော ကုလသမဂ္ဂတာဝန်ခံက အီစတာမတိုင်မီ ကျင်းပသော အမေရိကန်ကွန်ဂရက်လွှတ်တော် သတင်းယူနည်း လေ့လာရန် စေလွှတ်သောကြောင့်တည်း။

× × × × × × × × × × × ×

အီစတာ ဟောလီးဒေးနှင့်တိုက်ဆိုင်သော မြန်မာသင်္ကြန်ရက်အတွင်း၌ မာရီယာကို ပြန်ဆုံတွေ့ရသည်။

သံအမတ်ကြီး ဦးအုန်းစိန်က သင်္ကြန်ပွဲကို သူ့နေအိမ်၌ တခမ်းတနား ကျင်းပပေးသည်။ နံနံပင်နိုင်နိုင်နှင့် အကြော်စုံပါသော မုန့်ဟင်းခါးလည်းပါသည်။ မုန့်ဟင်းခါး မစားလိုသော် . . . အုန်းနို့ခေါက်ဆွဲရသည်။

တအိမ်လုံးတွင် ဝါရှင်တန်နှင့် ဝါရှင်တန်တဝိုက်ရှိ မြန်မာများနှင့်ပြည့်ကာ ဆူညံပျော်ရွှင်နေသည်။ အမေရိကန်၊ အိန္ဒိယ၊ ယိုးဒယား၊ အင်ဒိုနီးရှား စသော မြန်မာ့မိတ်ဆွေများလည်း တက်ရောက်ကြသည်။

စားရင်းသောက်ရင်းလည်း ရေပက်ကြသည်။ ပျော်တတ်သော ရန်ကုန်တက္ကသိုလ်ပါမောက္ခဟောင်း ယခု ကမ္ဘာ့ဘဏ်အရာရှိ ဦးထွန်းသင်က အမျိုးသမီးများ နောက်ကျောမှ အင်္ကျီကြား ရေခဲထည့်သဖြင့် ဆွေ့ဆွေ့ခုန်သူခုန် ဖြစ်နေကြသည်။

ဧည့်ခန်းဆောင်တွင် တိပ်ရီကော်ဒါမှ ခုနစ်ထွေဆိုင်းသံ ထွက်နေသည်။ ကိုသိန်းဟန်က ခုနစ်ထွေအကနှင့် ကျကျနနဖျော်ဖြေနေသည်။

ကိုသိန်းဟန်ကနေသည်ကို ကြည့်နေသော ဦးစောခိုင်၏ ကုတ်အင်္ကျီအောက် ကျောတွင်စိမ့်ကနဲဖြစ်သွားသဖြင့် တစုံတယောက်က ရေခဲထည့်လိုက်မှန်းသိသည်။

နောက်သို့လှည့်ကြည့်သော ဦးစောခိုင်မှာ ရုတ်တရက်တွေ့လိုက်ရသည့် ချောမောလှပသော မြန်မာမလေး တယောက်ကြောင့် အံ့အားသင့်သွားသည်။

" အို . . . မာရီယာ "

အတန်ကြာမှ ရုပ်ကိုမှတ်မိ၍ ဦးစောခိုင်က နှုတ်ဆက်ရ၏။

မာရီယာက မြန်မာအဝတ်အစားနှင့် ပြုံးပြုံးကလေး ရပ်နေသည်။

" အန်ကယ် . . . မာရီယာ့ကို လူမှားသွားသလား "

" ဟုတ်တယ် . . . မာရီယာ၊ အန်ကယ် ရုတ်တရက် မမှတ်မိဘူး "

" မာရီယာ မြန်မာအဝတ်အစားနဲ့ ဘယ့်နှယ်နေသလဲဟင် . . . အန်ကယ် "

" အို . . . သိပ်ကြည့်ကောင်းတယ် မာရီယာ၊ သိပ်ကြည့်ကောင်းတယ် . . . "

မာရီယာသည် ကျေနပ်နှစ်သက်သွားပုံရသည်။

" အန်ကယ် ဒီရောက်နေတာကြာပြီလို့ ကိုစိုးမြင့်ဆီကကြားတယ်၊ မာရီယာတို့ဆီ ဘာလို့မလာလဲ . . . "

ဤအမေးကိုမူ ဦးစောခိုင် မဖြေနိုင်။

" မာရီယာ သိပါတယ်၊ အန်ကယ် မာရီယာတို့နဲ့ မတွေ့ချင်ဘူး မဟုတ်လား "

" အို . . . အို မဟုတ်ပါဘူး မာရီယာ၊ မာရီယာ့ကို အန်ကယ်တွေ့ချင်ပါတယ်၊ သိပ်တွေ့ချင်ပါတယ် "

ဦးစောခိုင်သည် ပြာပြာသလဲဖြေလိုက်ပြီး ဘေးပတ်ဝန်းကျင်ကိုလည်း လှည့်ကြည့်သည်။

" ဒါထက် မာရီယာ့မိဘတွေ ပါသေးသလား "

ဘာကြောင့်ရယ်မသိ၊ မာရီယာ၏မျက်နှာလေး၌ ထူးဆန်းသောအပြုံးလေး ပေါ်လာသည်။

" မပါပါဘူး . . . အန်ကယ်၊ မေမေ မပါပါဘူး "

ဦးစောခိုင်သည် အဓိပ္ပါယ်ပါသော မာရီယာ့စကားကြောင့် မာရီယာ့ကို မော်ကြည့်သည်။ မာရီယာကသာဆက်ပြောသည်။

“ ဒက်ဒီလည်း မပါပါဘူး . . . မာရီယာ တယောက်ထဲပါ ”

ဦးစောခိုင်မှာ အနည်းငယ် စိတ်သက်သာရာရသွားသည်။ သို့ရာတွင် မာရီယာ့အပြုံးကို ဦးစောခိုင် မသင်္ကာ။

“ ဒါပဲနော် . . . အန်ကယ်၊ အန်ကယ် ကတိပေးထားတာရှိတယ် . . . ”

“ ဘာလဲ မာရီယာ . . . ”

“ ပိတောက်ပန်းအကြောင်း ပြောပြမယ်ဆိုတာလေ . . . ”

ဦးစောခိုင်သည် သက်ပြင်းရှိုက်လိုက်၏။

“ မာရီယာ မုန့်ဟင်းခါး သွားစားလိုက်ဦးမယ် အန်ကယ်၊ ထွက်မသွားနဲ့ဦးနော် . . . ”

မာရီယာက မုန့်ပွဲများဆီ ထွက်သွား၏။

ကချေမောသွားသော ကိုသိန်းဟန်သည် ဦးစောခိုင်ဆီ လျှောက်လာသည်။ ဦးစောခိုင်နှင့် ကိုသိန်းဟန်သည် နယူးယောက်တွင် တခန်းတည်းနေသူများဖြစ်၏။

“ ဘယ့်နှယ် ဦးစောခိုင်ကြီး . . . သိပ်ဟုတ်နေပါလား ”

“ ဘာလဲဗျ . . . သိပ်ဟုတ်နေတာ ”

“ တော်စမ်းပါဗျာ . . . ဘတ်ကနဲလ်ထဲက မာရီယာနဲ့ အဖွဲ့ကျလာတယ်ဆို၊ ခင်ဗျား ကျွန်တော့်မပြောဘူး၊ အုပ်ထားတယ်၊ အတော်ဆိုးတဲ့လူကြီး ”

“ ဗျာ . . . ကျွန်တော် ဘာအုပ်ထားလို့လဲ ”

ကိုသိန်းဟန် တဟဲဟဲရယ်သည်။

“ အေးဗျာ၊ ဘာမှ မဟုတ်ပါဘူး . . . ဒါပေမယ့် ကျွန်တော်က ဟို . . . ခင်ဗျား တခါကရေးတဲ့ ဝတ္ထုတပိုဒ်ထဲက ရှင်တေဇောသာရရဲ့ကဗျာကို သွားသတိရလို့ပါ . . . ”

“ ဘယ်လို . . . ”

“ ငါးမည်ဆင်းပုံ၊ အင်စုံစုံဝယ်၊ ရွှေငုံမြိတ်ရစ်၊ ပေါ်သစ်သစ်က၊ ကလျစ်ကလျူ လိုတူရှိရွှယ်၊ ကြင်စဖွယ်နှင့်၊ ပြုံးရယ်ချစ်ငွေ့၊ ရင်ဆုံတွေ့လျက် . . . ”

ကိုသိန်းဟန်သည် တဟဲဟဲ ဆက်ရယ်ပြီး အနီးမှ ထွက်ခွာသွားသည်။

ရက်ကော့ဒ်မှာ သီချင်းများ ဆက်လာနေ၏။ သင်္ကြန်နှင့် ဆီလျော်ရာရွေးသမို့ ပြည်လှဖေ၏ နတ်ရှင်နောင်သီချင်းသံ ပေါ်လာသည်။

ဦးစောခိုင်က သီချင်းကို ငြိမ်၍နားထောင်နေသည်။

မကြာမီ မာရီယာ ပြန်ရောက်လာ၍ တချက်ပြုံးပြကာ ဦးစောခိုင်နား ဝင်ထိုင်သည်။

“ ပိတောက်တွေ ရွှေရည်လူးပေါ့လေ . . .၊ ပုလဲငုံ စပယ်ဖြူ ဖူးခိုက်ဝေ၊ ပန်းမျိုးစုံ ရာသီကူးမယ့်အခြေ၊ ချစ်သူကို ရည်စူး ခူးတဲ့လို့ချွေ၊ ကိုယ်တိုင် လှရာရာရွေးလို့ ဆင်မပေးရ ဆံမြည္ဘာကေ . . . ”

မာရီယာက သူ့ကိုလှည့်ကြည့်ရင်း မှတ်ချက်ချသည်။

“ သိပ်ကောင်းတဲ့ သီချင်းပဲနော် . . . အန်ကယ် ”

ဦးစောခိုင် အသာခေါင်းညိတ်သည်။ ရင်တွင်း၌မူ လှုပ်ရှားနေသည်။

“ အန်ကယ် ဒီကပြန်ရင် မာရီယာနဲ့ လမ်းလျှောက်မလား၊ ချယ်ရီတွေ လျှောက်ကြည့်ရအောင်လေ . . . ”

ချယ်ရီတွေကိုတော့ ဦးစောခိုင် ကြည့်ချင်သည်။ ပြီးတော့ စိတ်လှုပ်ရှားနေသော ဦးစောခိုင်သည် စောစောက ကိုသိန်းဟန် ရွတ်ပြနေသောကဗျာကို နားတွင်ကြားယောင်နေမိ၏။

ထို့ကြောင့် သင်္ကြန်ပွဲပြီးသော ညနေပိုင်း၌ ကိုသိန်းဟန်တို့ ပြုံးစိစိကြည့်နေကြသည့်ကြားမှ ဦးစောခိုင်သည် မာရီယာနှင့်အတူ လမ်းလျှောက်ထွက်ခဲ့ကြသည်။

နွေဦးပေါက် ရာသီတော်၌ ဝါရှင်တန်သည် ကြော့ကြော့အောင် လှနေသည်။ ပင်တိုင်းရွက်သစ်ဆင်၍ ပန်းမျိုးစုံ ဖူးနေ၏။ဂျပန်ပြည်မှ မျိုးယူ၍စိုက်ထားသော ချယ်ရီတို့မှာ အဆုပ်အဆုပ်နှင့် ပင်လုံးကျွတ်ဝေနေသည်။

ဝါရှင်တန်မြို့သူမြို့သားများက ချယ်ရီကို မြတ်နိုးကြသည်။ ချယ်ရီဖူးသည်ကို စောင့်ကြည့်၍ ချယ်ရီပွင့်သည်နှင့် တပြိုင်နက် ချယ်ရီဘလော့ဆွန် (ချယ်ရီဖွင့်ပွဲ) ကျင်းပလေ့ရှိကြသည်။

“ အန်ကယ် . . . ဗမာပြည်မှာ ချယ်ရီရှိသလား ”

“ ရှားတယ် မာရီယာ . . . မေမြို့တို့ တောင်ကြီးတို့မှာပဲ ရှိတယ်၊ ပြီးတော့ ဟိုက ချယ်ရီတွေက ဇန်နဝါရီလ ဆောင်းတွင်းမှာ ပွင့်ကြတယ် ”

" အို . . . အခုအချိန် မပွင့်ဘူး . . . "

" အခုအချိန်မှာ ပိတောက်တွေပဲပွင့်တယ် မာရီယာ "

" ပိတောက်တွေကလဲ သိပ်လှတာပဲ . . . ဟုတ်လား အန်ကယ် "

" သိပ်လှတယ် မာရီယာ၊ ဒါထက် မာရီယာ ဘာလို့ ပိတောက်ကို စိတ်ဝင်စားနေတာလဲ "

" မာရီယာက မြန်မာပြည်နဲ့ပတ်သက်ရင် အကုန် စိတ်ဝင်စားတာပဲ၊ ဒါထက် အန်ကယ် . . . မာရီယာတို့ အခု ဘယ်လျှောက်မလဲ "

" မာရီယာ့ သဘောပဲလေ . . . "

" အာလင်တန်ဘက် သွားရအောင်၊ အဲဒီက ချယ်ရီတွေက ပိုလှတယ်၊ ဒီကဆို နည်းနည်းဝေးတယ်၊ မာရီယာတို့ ဓာတ်ရထားစီးကြရအောင် . . . "

" သွားလေ မာရီယာ . . . "

ဦးစောခိုင်နှင့် မာရီယာသည် ဓာတ်ရထားစီးကြသည်။

ဦးစောခိုင်အနေနှင့် မိမိကိုယ်မိမိ ဘာလုပ်နေသည်မသိ၊ မည်သို့ပင်ဖြစ်စေ မိမိစိတ်မှာ ပြန်လည်နုပျိုလာ၍ ပျော်ရွှင်နေမိသည်ကိုမူ သတိထားမိသည်။

ဓာတ်ရထားမှဆင်းပြီး အာလင်တန်သို့ တဆင့် ဆက်လျှောက်ခဲ့ကြသည်။ အာလင်တန်မှာ အမျိုးသား စစ်သင်္ချိုင်းကြီးဖြစ်သည်။ အမည်မသိ စစ်သားများ၏ အာဇာနည်ဗိမာန်လည်းရှိ၍ ဝါရှင်တန်မြို့တော်၏ အထင်ရှားဆုံးနှင့် အလှဆုံး တနေရာလည်းဖြစ်သည်။

မာရီယာ ပြောသကဲ့သို့ပင် ဤနေရာမှ ချယ်ရီများသည် အလှဆုံးဖြစ်နေသည်။

စိမ်းလန်းညီညာသော မြက်ခင်းများ ဖုံးသည့် တောင်ကုန်းပြေပြေကလေးများရှိသည်။ ချယ်ရီတို့၏အရောင်မှာ ခရမ်းရောင်ဖျော့ဖျော့ဖြစ်၍ စိမ်းသောမြက်ခင်းများနှင့် လိုက်ဘက် ပနာစားလှသည်။

စစ်သင်္ချိုင်းဆိုသော်လည်း ကမ္ဘာ၏အသာယာဆုံးသော ပန်းခြံတို့အနက် တခုဖြစ်နေသည်။

မာရီယာနှင့် ဦးစောခိုင်သည် လူရှင်းသော တောင်စောင်း မြက်ခင်းပေါ်၌ အတူထိုင်လိုက်ကြသည်။

" ကဲ . . . ပိတောက်ပန်းအကြောင်းပြောလေ . . . အန်ကယ် "

" အန်ကယ် ဘာပြောရမလဲ မာရီယာ "

" အို . . . ပြောချင်တာပြောလေ၊ မာရီယာ နားထောင်ပါ့မယ် . . . "

" ဒါဖြင့် နားထောင် . . . ပိတောက်ပန်းက ရွှေရောင်၊ ရွှေရောင်ဆိုတာက အန်ကယ်တို့ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေ အထွဋ်အမြတ်ထားတဲ့ သင်္ကန်းရောင်၊ ပွင့်တဲ့အချိန်ကလဲ အခါကြီးရက်ကြီးဖြစ်တဲ့ နှစ်သစ်ကူး သင်္ကြန်အခါ . . . "

" ဒီချယ်ရီတွေလို အကြာကြီးပွင့်သလား . . . "

"မဟုတ်ဘူး မာရီယာ၊ ပိတောက်က တနှစ်မှာတကြိမ်ထဲပွင့်တယ်၊ တကြိမ်ပွင့်ရင် တရက်ပဲနေတယ်၊ ဒါ့ကြောင့်လဲ စာဆိုရှိတယ် . . . တနှစ်တွင် ဒီတလပေပ၊ တလတွင် တရက်ပဲ၊ ခက်ခဲတဲ့ ရက်ဗုဒ္ဓါ၊ ပွင့်ရှာကြ စုံမြိုင်တွင်း . . . တဲ့ "

မာရီယာက ငြိမ်ငြိမ်ကလေး နားထောင်နေ၏။

" နှစ်သစ်ကူးအခါဆိုတာက အနာဂတ်ကို မျှော်လင့်ချက်နဲ့ကြည့်ကြရတဲ့ မင်္ဂလာအချိန်အခါမဟုတ်လား၊ ပြီးတော့ ပိတောက်ပန်းဟာလည်း မင်္ဂလာနဲ့ပြည့်တဲ့ ပန်းမြတ်ပန်းမွန်ဖြစ်နေတာပေါ့၊ နောက်ပြီး ပိတောက်ပန်းဟာ ချယ်ရီထက်ထူးတာ တခုရှိနေတယ်။ ပိတောက်ပန်းအနံ့က သိပ်သင်းတယ် . . . သင်္ကြန်အခါ ပိတောက်နံ့ရရင် လူ့ရဲ့စိတ်ဟာ နှစ်သစ်လိုပဲ လန်းဆန်းကြည်လင်လာတတ်တယ် "

" အန်ကယ်ပြောတာနဲ့ မာရီယာ ပိတောက်ပန်းပန်ချင်လိုက်တာ . . . "

" ပိတောက်ပန်းကို မြန်မာအမျိုးသမီးတိုင်း မြတ်မြတ်နိုးနိုး ပန်ကြတယ် မာရီယာ။ ပြီးတော့ ပိတောက်ပန်းဆိုရင် ရင်ခုန်တတ်ကြတယ် . . . "

" ဘာဖြစ်လို့ . . . "

" မြန်မာလူပျိုနဲ့ အပျိုဟာ ဒီမှာလို လွတ်လွတ်လပ်လပ်တွေ့ဆုံခွင့် အမြဲမရဘူး၊ ပိတောက်တွေပွင့်တဲ့ သင်္ကြန်မှာတော့ ယဉ်ကျေးမှုအရ ရင်းရင်းနှီးနှီး တွေ့ခွင့်ရကြတယ်။ ဒီအချိန်မှာ ပိတောက်နဲ့အတူ ချစ်မေတ္တာပန်းတွေလည်း ပွင့်ဖူးတတ်တယ်၊ တနည်းအားဖြင့် ပိတောက်ဟာ မေတ္တာပန်းပေါ့ မာရီယာ "

မာရီယာသည် ကြည်နူးစွာပြုံးလိုက်သည်။

“ ပိတောက်ပန်းဟာ မေတ္တာပန်း၊ အန်ကယ် . . . မာရီယာ ဒီစကားကို သိပ်ကြိုက်တာပဲ၊ ဒါဖြင့် အခုအချိန် မာရီယာသာ မြန်မာပြည်မှာရှိရင် မေတ္တာပန်းတွေ ဘာတွေ ပွင့်ချင်ပွင့်မှာပေါ့ ဟုတ်လား . . . အန်ကယ် ”

“ အို . . . မာရီယာကလဲ ”

မာရီယာကမူ အသံလေးထွက်အောင် ဆက်ရယ်နေသည်။

“ ဟောဒီ ချယ်ရီတွေက ပိတောက်ပန်းဖြစ်သွားတယ် ဆိုပါတော့၊ ပြီးတော့ ဒီနေရာဟာလည်း မြန်မာပြည်ဆိုပါတော့၊ အဲဒီလိုဆိုရင် အန်ကယ် ပိတောက်ပန်းတွေတက်ခူးပြီး မာရီယာ့ခေါင်းမှာ ပန်ပေးမလား . . . ”

ခက်ချေပြီ။ ဤကလေးမ ဘာတွေလျှောက်ပြောနေပါသနည်း။

“ မာရီယာ ဘာတွေလျှောက်ပြောနေတာလဲ . . . ”

မာရီယာက အပြုံးကလေးကိုရပ်ကာ လေးနက်သော ဟန်ကလေးနှင့်မေးသည်။

“ ထားပါလေ . . . အဲဒါထက် အန်ကယ် ငယ်ငယ်တုန်းကလဲ မိန်းကလေးတယောက်ယောက်ကို ပိတောက်ပန်း ပန်ပေးဖူးသလား ”

ဦးစောခိုင် ငိုင်သွားသည်။ ဘာမျှတော့ မဖြေနိုင် . . . ။

“ ဟော . . . အန်ကယ် ငိုင်သွားပြီ၊ အန်ကယ့်ကို စိတ်မကောင်းအောင် မာရီယာလုပ်မိသလား . . . ”

“ အို . . . မဟုတ်ပါဘူး မာရီယာ၊ အန်ကယ့်မှာ ဖြေစရာမရှိလို့ပါ ”

“ တကယ်လား အန်ကယ်၊ ဟိုတညက အန်ကယ်ပြောဖူးတယ်၊ ချစ်သူဆိုတာကို မမျှော်လင့်ရဲသလို မမျှော်လင့်ချင်ဘူး ဆိုတာလေ . . . ။ အန်ကယ် မိန်းမတယောက်ကို စိတ်နာနေသလား ”

ဦးစောခိုင်က မျက်နှာကို တည်ကြည်ပစ်လိုက်သည်။ သူ့စကားသံ၌လည်း ဟန့်တားမှုပါနေ၏။

“ အန်ကယ့် ကိုယ်ရေးကိုယ်တာကိစ္စကို စိတ်မဝင်စားချင်ပါနဲ့ မာရီယာ။ မြန်မာပြည်အကြောင်းပဲ ပြောကြတာပေါ့၊ နေပါဦး . . . မာရီယာက ဘာလို့ မြန်မာပြည်ကို စိတ်ဝင်စားတာလဲ . . . ”

“ ဘာလို့စိတ်ဝင်စားတာလဲ မေးဖို့လိုသလား အန်ကယ်၊ မာရီယာ့မှာ ဗမာသွေးတဝက် ပါနေပါသေးတယ် ”

ဒါတော့မှန်ပေသည်။ ဦးစောခိုင် ဘာဆက်ပြောရမှန်းမသိခိုက် မာရီယာက ဆက်ရှင်းသည်။

“ ပြီးတော့ ဒီနိုင်ငံကလူတွေဟာ အရှေ့တိုင်းယဉ်ကျေးမှုကို သိပ်လေးစားကြတယ်၊ အထင်လည်းကြီးကြတယ်၊ လေ့လည်းလေ့လာကြတယ်၊ အတုလည်းယူကြတယ်၊ မာရီယာ့မှာ အရှေ့တိုင်းသွေးပါတော့ အရှေ့တိုင်းကို မာရီယာဟာ သူများထက်ပိုပြီး စိတ်ဝင်စားတာပေါ့ ”

ဦးစောခိုင်သည် အသာပြုံးမိ၏။

“ အန်ကယ် ဘာပြုံးတာလဲ . . . ”

“ ဩော် . . . မာရီယာပြောတာ မှန်ပါတယ်၊ မြန်မာအပါအဝင် အရှေ့တိုင်းယဉ်ကျေးမှုကို ဒီကလူတွေ လေးစား အတုယူတာ အန်ကယ်တွေ့သိခဲ့ရပါတယ်၊ ဒါပေမယ့် . . . မြန်မာပြည်က တချို့လူတွေက အမေရိကန်ဆန်ချင်တာကို တွေးမိလို့ပါ ”

“ သူတို့တွေက ဘာလို့ အမေရိကန်ဆန်ချင်ကြတာလဲ ”

“ အရှူးထကြတာပေါ့ မာရီယာ . . . ထားပါတော့လေ၊ မာရီယာ့စကားကို ဆက်စမ်းပါဦး ”

“ ပြီးတော့ မာရီယာ့မေမေက မာရီယာ့ကို မြန်မာဆန်အောင်သင်ပေးတယ်၊ စကားလည်း သင်ပေးတယ်၊ ပြီးတော့ ပီယာနိုနဲ့ မြန်မာသီချင်းကြီးတွေလည်း သင်ပေးတယ်။ မာရီယာ ပတ်ပျိုးတွေတောင် တီးတတ်တယ် ”

ဦးစောခိုင်သည် ရင်တွင်း၌ထိခိုက်မိသည်။ ခင်မြလွင်နှင့် မိမိ ငယ်စဉ်ကအတူ ဂီတပညာသင်ကြားရသည်ကို အမှတ်ရမိသည်။ ဤအမွေအနှစ်ကို ထိန်းသိမ်း၍ သမီးကိုပါ ဆက်ခံစေသည့်အတွက်မူ ကျေးဇူးတင်မိသည်။

မာရီယာသည် ဆက်ပြောနေ၏။

“ မာရီယာ သံရုံးက မြန်မာစာအုပ်တွေလည်း တောင်းပြီးဖတ်တာပဲ၊ အန်ကယ့်ဝတ္ထုတွေ မာရီယာဖတ်ဖူးတာ ကြာလှပြီ၊ ဒါ့ကြောင့်လဲ ဘတ်ကနဲလ်တုန်းက အန်ကယ့်ကို မာရီယာ လာမိတ်ဖွဲ့တာပဲ ”

“ ဩော် . . . ဩော် . . . ”

“ ပြီးတော့ မြန်မာပြည်အကြောင်း မာရီယာ တခြားမေးစရာတွေရှိသေးတယ်၊ ဘာဖြစ်လို့လဲဆိုတော့ မာရီယာ မြန်မာပြည်ကို ပြန်နေချင်တယ်။ ဟိုမှာ ဆွေမျိုးတွေလဲ အများကြီးရှိတယ်ပြောတယ်၊ ဒါပေမယ့် မာရီယာ ကြောက်တာ တခုရှိတယ် . . . ”

“ ကြောက်တာ ဘာလဲ မာရီယာ . . . ”

" မြန်မာပြည်က ဆိုရှယ်လစ်နိုင်ငံဆို . . . "

" ဆိုရှယ်လစ်နိုင်ငံဟာ ကြောက်စရာလားကွယ် "

" ဒီမှာတော့ ဒီလိုပဲ ပြောကြတာပဲ "

" ဒီမှာ ဒီလိုပြောကြတာ မဆန်းဘူး မာရီယာ . . . ဒီနိုင်ငံက ဓနရှင်နိုင်ငံပဲ၊ ဒီတော့ ဆိုရှယ်လစ်နိုင်ငံနဲ့ ဆိုရှယ်လစ်ဝါဒကို ဘယ်အကောင်းပြောပါ့မလဲ "

" မြန်မာပြည်ကရော . . . ဘာလို့ ဆိုရှယ်လစ်ဖြစ်တာလဲ "

" မြန်မာပြည်တင် မကပါဘူး မာရီယာ၊ လွတ်လပ်စနိုင်ငံတိုင်းဟာ ဆိုရှယ်လစ်လမ်းစဉ်ကို ကျင့်သုံးနေကြတယ်၊ ဘာ့ကြောင့်လဲဆိုတာတော့ စဉ်းစားပေါ့ . . . "

" ဘာ့ကြောင့်လဲ "

" ဘာ့ကြောင့်လဲဆိုတော့ ဓနရှင်ဝါဒဟာ ဒီနိုင်ငံတွေအားလုံးကို ကောင်းကျိုးမပေးခဲ့လို့ပေါ့ မာရီယာ၊ ဓနရှင်ဝါဒက ပေါက်ဖွားလာတဲ့ နယ်ချဲ့စနစ်ကြောင့် ဒီနိုင်ငံတွေအားလုံးဟာ ကျွန်ဖြစ်ခဲ့ရတယ်၊ လူချင်းမတူ သူချင်းမမျှလဲ ဖြစ်ခဲ့ရတယ် "

" ဒါဖြင့် လွတ်လပ်လာတော့ ဘာလို့ ကိုယ့်ဘာသာကိုယ် ဓနရှင်စနစ် မထောင်ကြသလဲ "

" ဘာ့ကြောင့် ထောင်ရမလဲ မာရီယာ "

မာရီယာသည် ခေတ္တစဉ်းစားသည်။

" အမေရိကန်ပြည်ကို မြန်မာတွေကရော၊ အီဂျစ်တွေကရော၊ အိန္ဒိယတွေကရော . . . ဓနရှင်နိုင်ငံလို့ခေါ်တယ်၊ ဓနရှင် မကောင်းဘူးလို့လဲ ပြောကြတယ် . . . ဒါပေမယ့် အန်ကယ်လည်း ဒီမှာ ကြာကြာနေဖူးပြီပဲ၊ ဒီမှာ ဘယ်လောက်ချမ်းသာကြလဲ "

" ဒါတွေကို အန်ကယ်မငြင်းဘူး၊ ဒါပေမယ့် ဒီမှာ ချမ်းသာသမျှ တခြားနိုင်ငံတွေမှာ ဆင်းရဲနေတာကို မာရီယာ မသိဘူး . . . "

မာရီယာသည် သူ့အား နားမလည်သယောင် မော့ကြည့်သည်။

" အန်ကယ် သိပ်ရှည်ရှည်မပြောချင်ဘူး မာရီယာ၊ မာရီယာတို့က ဒီမှာ သင်ရတယ်၊ ဓနရှင်စနစ်ဆိုတာ လွတ်လပ်သော စီးပွားရေးစနစ်၊ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ပြိုင်ဆိုင်မှုနဲ့ တိုးတက်သောစနစ် ဆိုတာတွေ၊ ပစ္စည်းဥစ္စာရှာဖွေမှုနဲ့ ပိုင်ဆိုင်မှုဟာ လူ့အခြေခံအခွင့်အရေး။ ဒါတွေ အန်ကယ်လည်း ဖတ်ဖူးပါတယ်၊ ဟုတ်တယ်မဟုတ်လား . . . "

မာရီယာက ခေါင်းငြိမ့်သည်။

" အဲဒါတွေက စာသဘောတွေပါ၊ လက်တွေ့မှာ လွတ်လွတ်လပ်လပ် အပြိုင်အဆိုင် စီးပွားရှာတော့ အားကြီးသူက အားနည်းသူကို နိုင်တယ်။ အရင်းရှိသူက အရင်းမဲ့သူကိုနှိမ်တယ်၊ ချမ်းသာတဲ့နိုင်ငံက ဆင်းရဲတဲ့နိုင်ငံကို မျိုတယ်၊ ကြီးနိုင်ငယ်ညှဉ်းစနစ်၊ ခေါင်းပုံဖြတ် အညွန့်ခူးတဲ့ သွေးစုပ်စနစ်တွေ ပေါ်လာတယ် "

ဦးစောခိုင်သည် ပိတောက်ပန်းအကြောင်းကို မေ့သွားသည်။ ယုံကြည်ချက်ကို ပြောရသဖြင့် အသံမှာလည်း လေးနက်လာသည်။

" ဓနရှင်စနစ်ရဲ့ အခြေခံစေတနာ ကိုယ်၌က တကိုယ်ကောင်းစားရေး၊ ကုန်ပစ္စည်းထုတ်လုပ်ရာမှာလဲ အများစားသုံးချောင်ချိရေးထက် အမြတ်ရရေး . . .။ ဆိုရှယ်လစ်စနစ်မှာ တကိုယ်ကောင်းစားရေး မရှိဘူး၊ အများနဲ့အတူ စုပေါင်းကြိုးစားပြီး အများနဲ့အတူ အချိုးကျ တရားမျှတစွာနဲ့ ကောင်းစားရေးပဲရှိတယ်၊ ကုန်ပစ္စည်းကိုလဲ အမြတ်စားရဖို့ ထုတ်တာ မဟုတ်ဘူး၊ လူတိုင်းဟာ မတောင့်မတ မကြောင့်မကျနဲ့ ပြည့်ပြည့်ဝဝ စားဝတ်နေထိုင်နိုင်ဖို့ထုတ်တာ . . . "

" မြန်မာပြည်မှာ အဲဒီလိုနေနိုင်ပြီလား . . . "

" မနေနိုင်သေးဘူး မာရီယာ . . . ဒါပေမယ့် ဒီနေ့မြန်မာပြည်ရဲ့ အလုပ်သမားတွေ၊ လယ်သမားတွေ၊ ပညာတတ်တွေ အားလုံးစည်းလုံးညီညွတ်ပြီး အဲဒီဆုတွေနဲ့ပြည့်တဲ့ ဆိုရှယ်လစ်နိုင်ငံသစ်ကို တည်ဆောက်နေကြတယ် "

မာရီယာသည် ဆိတ်ငြိမ်စွာ နားထောင်နေရာမှ ဦးစောခိုင်ကို စူးစူးစိုက်စိုက်ကြည့်သည်။ ဤအကြည့်နှင့်အတူ မျက်နှာဝယ် ပြုံးယောင်သန်းလာသည်။

" မာရီယာ . . . အန်ကယ့်ကို ဘာလို့ကြည့်တာလဲ "

" အန်ကယ့်ပြောဟန်ကို သဘောကျလို့ပါ၊ အန်ကယ်က ယုံကြည်ချက် အတော်ပြင်းတယ်ထင်တယ်၊ ဒါတွေ ကြားမိတော့ မာမီပြောတာ မာရီယာ အစက မယုံဘူး၊ အခု ယုံပြီ . . . "

" ဘယ်လို . . . မာရီယာ၊ မာမီပြောတာ . . . "

ဦးစောခိုင် အလန့်တကြားမေးမိသည်။

“ မာရီယာ ရှင်းပြပါ့မယ်လေ၊ မာမီက မာရီယာ့ကို မြန်မာဆန်အောင် သင်ပေးပေမယ့် မြန်မာတွေနဲ့ သူကိုယ်တိုင် ဘယ်တော့မှ မပေါင်းဘူး။ မြန်မာပြည်ကိုလည်း ဘယ်တော့မှ မပြန်ဘူး၊ မြန်မာ့ယဉ်ကျေးမှုကို မြတ်နိုးပေမယ့် မြန်မာတွေကို စိတ်နာသတဲ့ . . . ”

“ အဲဒါနဲ့ ဘာ . . . ဘာဆိုင်လို့လဲ ”

“ မာရီယာ ပြောပြပါဦးမယ်၊ အစက မာရီယာ မာမီ့ကို နားမလည်မိဘူး၊ ဒါပေမယ့် ဟို ဘတ်ကနဲလ်ကပြန်လာမှ မာရီယာ နားလည်တယ် ”

“ ဘာဖြစ်လို့ . . . ”

“ မာရီယာ အန်ကယ်နဲ့တွေ့ခဲ့တာ ပြန်ပြောတာပေါ့ . . . ဒီတော့ မာမီက မာရီယာ့ကို အန်ကယ်နဲ့ ဘယ်တော့မှ မတွေ့ရဘူးတဲ့ . . . ”

“ သြော် . . . သြော် . . . ”

“ မာမီက အန်ကယ့်ကို သိပ်စိတ်နာနေတယ်၊ အန်ကယ်နဲ့သူနဲ့ အကြောင်းတွေကိုလည်း ပြောပြတယ်။ အန်ကယ်က သူ့ကို သေနတ်နဲ့ချိန်၊ စွန့်ပစ်ထားခဲ့ပြီး ဗမာ့လွတ်လပ်ရေးတပ်ထဲ ဝင်သွားတယ်။ ကိုယ့်ချစ်သူထက် တိုင်းပြည်ကို ပိုချစ်တဲ့သူမို့ စိတ်နာသတဲ့။ အစက အဲဒါကို မယုံဘူး၊ ခုတော့ ယုံပြီ အန်ကယ်၊ တကယ် အဲဒီလိုလုပ်ခဲ့သလား . . . ”

ဦးစောခိုင်က သက်ပြင်းရှိုက်လိုက်သည်။

“ တကယ်လုပ်ခဲ့မိတယ် မာရီယာ၊ ဒါပေမယ့် သူ့ကို အန်ကယ် မြန်မာပြည်မှာ အတူနေခဲ့ဖို့ ခေါ်ပါသေးတယ်၊ သူကသာ အန်ကယ့်ကို ဖမ်းဖို့ကြိုးစားတာ၊ စင်စစ် သူကသာ အန်ကယ့်ကိုရက်စက်ပြီး စွန့်ပစ်သွားတာပါ ”

ဦးစောခိုင်က မာရီယာအား အကဲခတ် မော့ကြည့်သည်။ အကြောင်းစုံကိုသိပြီးမှ ဤကလေးမသည် ဘာကြောင့် မိမိကို လာဆက်ဆံနေပါသနည်း။

“ မာရီယာ . . . မင်းမေမေ တားမြစ်ထားတဲ့ကြားထဲက ဘာလို့ အန်ကယ့်ကို လာတွေ့ရသလဲ ”

“ အို . . . မာရီယာ အန်ကယ့်ကို လာတွေ့တာမှ မဟုတ်တာ၊ သင်္ကြန်ပွဲလာရင်း ဆုံမိတဲ့ဥစ္စာ . . . ”

“ မဟုတ်ဘူးလေ . . . ခုရော ဘာလို့ အန်ကယ်နဲ့အတူ လမ်းလျှောက်လိုက်ခဲ့လဲ ”

“ အို . . . အန်ကယ်နဲ့လိုက်ခဲ့တာမှ မဟုတ်ဘဲ၊ မာရီယာက အန်ကယ့်ကို ခေါ်တာပဲဟာ . . . ”

“ ဘာပဲဖြစ်ဖြစ်လေ . . . မာရီယာ့မာမီက တားမြစ်ထားတာပဲ ”

မာရီယာသည် ရင်လေးကော့လိုက်သည်။

“ မာရီယာ့အသက် ဆယ့်ရှစ်နှစ်ရှိပြီ၊ မာရီယာ ပေါင်းသင်းချင်သူနဲ့ ပေါင်းသင်းခွင့်ရှိတယ်။ ဒက်ဒီက ဒိတ်ထွက်ခွင့်တောင် ပေးပြီးပြီပဲ၊ အခု မာရီယာ ဒိတ်ထွက်တာမှ မဟုတ်ဘဲ၊ အန်ကယ်နဲ့လမ်းလျှောက်တာ မာရီယာ့ အခွင့်အရေးပဲ။ ပြီးတော့ အန်ကယ်ကလဲ လူကြီးလူကောင်းပဲဟာ . . . ”

ဤနေရာတွင် မာရီယာသည် အမေရိကန်သူ ပီသနေ၏။

“ အန်ကယ့်ကို လူကြီးလူကောင်းခေါ်လို့ ကျေးဇူးတင်ပါတယ် မာရီယာ ”

“ အို . . . အန်ကယ်က လူကြီးလူကောင်းအစစ်ပဲ၊ တိုင်းပြည်ကိုချစ်တဲ့သူဟာ လူကြီးလူကောင်းပဲ ”

“ မင်းမာမီကို သေနတ်နဲ့ချိန်ခဲ့တဲ့ လူတယောက်ကို . . . မာရီယာ လူကြီးလူကောင်းလို့ ထင်သေးလား ”

“ အဲဒါမှ လူကြီးလူကောင်း ပိုစစ်တာ . . . ”

“ ဘာပြောတယ် မာရီယာ ”

မာရီယာသည် ခေါင်းကလေး အပေါ်မော့ကို နှစ်သက်စွာရယ်သည်။ ထို့နောက် ဦးစောခိုင်၏လက်ကိုဆုပ်ကာ လေးနက်စွာဆို၏။

“ ဒီမှာ အန်ကယ် . . . မာရီယာ့ကိုသာ အဲဒီတုန်းက အန်ကယ်က သေနတ်နဲ့ချိန်တာဆိုရင် မာရီယာ ဘာလုပ်မလဲ သိလား . . . ”

ဦးစောခိုင် မဖြေတတ်။

“ မာရီယာသာဆို အန်ကယ်နဲ့ တခါထဲလိုက်ပြီး မြန်မာပြည်မှာ နေခဲ့မှာပဲ ”

ဦးစောခိုင်သည် သက်ပြင်း လေးပင်စွာ ရှိုက်မိ၏။

ညနေမှာ အတန်စောင်း၍ မှောင်ရီပျိုးနေသည်။

“ ကဲ . . . မာရီယာ မိုးချုပ်တော့မယ်၊ ပြန်ကြရအောင် . . . ”

မာရီယာကလည်း သက်ပြင်းလေးရှိုက်၍ နေရာမှထသည်။

“ အန်ကယ် ဘယ်တော့ နယူးယောက်ပြန်မလဲ . . . ”

“ မနက်ဖြန်ပြန်မယ် ”

“ အို . . . မနက်ဖြန် ”

မာရီယာသည် ဘာမျှမပြောဘဲ ငြိမ်ငြိမ်ကလေး လျှောက်လာသည်။

ထို့နောက် ဘာအကြံအစည်ရသည်မသိ၊ ပြုံးရွှင်လာသည်။

“ အန်ကယ် . . . နွေကျောင်းပိတ်ရင် မာရီယာ နယူးယောက်လာလည်မယ်၊ အဲဒီကျရင် မာရီယာ သွားချင်တဲ့ဆီ လိုက်ပို့ပေးမလား . . . ”

အလွန်ခက်သော ကလေးမပင်တည်း။

“ ဖြစ်ပါ့မလား မာရီယာရယ်၊ မာရီယာ့မာမီ . . . ”

ဦးစောခိုင် စကားမဆုံးလိုက်ရ၊ မာရီယာက မျက်မှောင်ကလေးကြုတ်၍ ဖြတ်ပြောသည်။

“ အန်ကယ်ကလဲ . . . မာမီချည်းပြောနေတယ်၊ မာရီယာ ပြောပြီးပါရောလား . . .၊ မာရီယာ့မှာ မာရီယာ့ အခွင့်အရေးရှိပါတယ်လို့ . . . ”

ဦးစောခိုင် ဘာမှမပြောနိုင်၊ ခေါင်းသာညိတ်မိသည်။

× × × × × × × × × × × × ×

(၅)

မစွမ်းရင်းကလည်း ရှိသည်။ ကန်စွန်းခင်းကလည်း ငြိသည်။ ဤသို့သာ ဆိုရမည်ထင်သည်။

နွေ၌ မာရီယာသည် နယူးယောက်ရှိ အတွင်းဝန်တဦး၏သမီး သူငယ်ချင်းထံသို့ လာလည်ရင်းနေသည်။

နယူးယောက်နေစဉ်အတွင် ဦးစောခိုင်နှင့်အတူ လည်ပတ်သည်။ ကော်နီကျွန်း၊ ရေချိုးဆိပ်၊ လွတ်လပ်ရေး ပျော်ပွဲ ရွှင်ပွဲ၊ မေဘဲယားမောင်တိန်း တောင်စခန်း ဤသည်တို့သို့ အနှံ့သွားကြသည်။ သဘာဝဓမ္မပြတိုက်၊ ပန်းချီပြတိုက်၊ နက္ခတ် တာရာကြည့်တိုက်၊ ဘရော့ဒ်ဝေးပြဇာတ်များသို့လည်း ရောက်ကြသည်။

နှစ်ပတ်ကြာနေ၍ မာရီယာပြန်သွားသောအခါ ဦးစောခိုင်မှာ လူကြီးတန်မဲ့ လွမ်းဆွတ်ကျန်ရစ်သည်။

မာရီယာ့ထံမှ စာများ မှန်မှန်လာသည်။ အဝေးခေါ်တယ်လီဖုန်းနှင့်လည်း မကြာခဏ စကားပြောဖြစ်ကြသည်။

ကြာလျှင် ခက်မည်ကို ဦးစောခိုင် သဘောပေါက်မိသည်။ မိမိ၏စိတ်ကို မိမိသည် မလိုအပ်သော သံယောဇဉ် တွယ်နေလေမိပြီကို နားလည်သည်။

တစုံတခု ဆက်ဖြစ်လျှင် ကလေးမာရီယာကို အပြစ်တင်ကြမည်မဟုတ်၊ လူကြီးဖြစ်သူ မိမိကိုသာ ပုံချတော့မည်။

မာရီယာ့ကို အကျိုးအကြောင်းပြောပြ၍ သမုဒယနယ်လွန် ဆက်ဆံရေးကို ရပ်ပစ်ချင်သည်။ သို့သော် တကယ်တမ်း ပြောမည်ကြံသောအခါ မပြောရက် ရှိနေပြန်သည်။

မပြောရက်သည့်အပြင် မပြောလည်းမပြောချင်။ ကလေးမ၌ စိတ်ကူးယဉ်မှု ရှိသင့်သမျှရှိနေသော်လည်း မိမိအပေါ် ဆက်ဆံမှုမှာ ဖြူစင်ရိုးသားနေသည်။ မိမိပြောကာမှ ဆင်အိပ်ရာ ဆိတ်နှိုး ဖြစ်နေဦးမည်။

ဤသို့ ချီတုံချတုံနှင့် တဆောင်းရောက်ခဲ့ပြန်သည်။

ဒီဇင်ဘာ အားလပ်ရက်များမတိုင်မီ ဦးစောခိုင်သည် မမျှော်လင့်သော ဖိတ်စာတစောင်ကို ရရှိသည်။ ဖိတ်စာရှင်များက ဒီဇင်ဘာအားလပ်ရက်အတွင်း မိမိတို့အိမ်၌ အနည်းဆုံးတရက်ဖြစ်စေ၊ ဦးစောခိုင်အား လာရောက်စားသောက် နေထိုင်ပါရန် တောင်းပန်ထားသည်။ အမေရိကန်ပြည်ရောက် မြန်မာများအတွက် ဤသို့ဖိတ်စာရသည်မှာ မဆန်း။ အိမ်ရှင်များသည် ဤသို့သောနည်းဖြင့် ဧည့်သည်၏ ယဉ်ကျေးမှုအကြောင်းကို လက်ပွန်းတတီး လေ့လာတတ်သကဲ့သို့ မိမိတို့၏ အခြေခံ ယဉ်ကျေးမှုများကိုလည်း လက်တွေ့ပြသတတ်သည်။ ဦးစောခိုင်အတွက် ဆန်းနေသည်မှာ အိမ်ရှင်များ၏အမည်ဖြစ်သည်။

ဖိတ်စာရှင်များကား ဒေါက်တာစတက်ဟန်နှင့် မစ္စက်စတက်ဟန် ဖြစ်နေသောကြောင့်တည်း။

ဦးစောခိုင်အတွက် ဝမ်းသာရမည်လော၊ ဝမ်းနည်းရမည်လော မဝေခွဲတတ်။ မည်သည့်ရည်ရွယ်ချက်ဖြင့် ဖိတ်သည် ကိုလည်း မမှန်းတတ်။

မည်သို့ပင်ဖြစ်စေ ဦးစောခိုင်သည် ဖိတ်စာကို လက်ခံလိုက်သည်။

ဒေါက်တာစတက်ဟန်၏အိမ်မှာ မေရီလင်း၌ရှိသည်။ မေရီလင်းမှာ ဝါရှင်တန်အနီး ကပ်လျက်ပင်ဖြစ်သည်။ ဝါရှင်တန် မြို့ကြီး၌ အိမ်ဈေးခြံဈေးကြီးသည်။ ကိုယ့်ဝင်း ကိုယ့်ခြံနှင့် အေးအေးချမ်းချမ်း နေလိုသူများမှာ မေရီလင်း၌ နေလေ့ရှိသည်။

အိမ်ကလေးမှာ ကော့တေ့ချ်ခေါ် သပ်ရပ်သော နှစ်ထပ်တိုက်ကလေးဖြစ်သည်။ ခြံဝင်းမှာ အတန်အသင့်ကျယ်၍ ဆောင်းမဟုတ်လျှင် စိမ်းလန်းသောမြက်ခင်း ပန်းမာလ်တို့နှင့် သာယာတင့်တယ်မည်ကို ခန့်မှန်းနိုင်သည်။

အစသော် ဦးစောခိုင်သည် ခင်မြလွင်ကို မည်သို့ရင်ဆိုရမည်နည်းဟု တွေးရွံ့ခြင်းရှိခဲ့သည်။ သို့ရာတွင် ခင်မြလွင်မှာ မစ္စက်စတက်ဟန်အဖြစ် သိမ်သိမ်မွေ့မွေ့ ကြွေ့ကြွေ့ပြည့်ပြည့် ဟန်မပျက်ပင်ရှိနေ၍ ဦးစောခိုင်မှာ နေသာထိုင်သာသည်။

ဒေါက်တာစတက်ဟန်မှာ အသက် ၅၀ခန့်ရှိလေပြီ။ ဝါရှင်တန်မြို့ကြီး၌ ဆေးတိုက်ဖွင့်ထားနိုင်သည်ကို ထောက်၍ စီးပွားရေးချောင်လည်ကြောင်း သိသာသည်။ အိမ်တွင်း၌ အိန္ဒိယ၊ တရုတ်၊ မြန်မာ ရှေးဟောင်းပစ္စည်း ပန်းချီပန်းပု စသည်တို့ကိုတွေ့ရသဖြင့် မာရီယာပြောသကဲ့သို့ အရှေ့တိုင်းယဉ်ကျေးမှုကို လေးစားသူမှန်ကြောင်း နားလည်ရ၏။

ဦးစောခိုင်သည် ဤအိမ်၌ တနေ့နှင့်တညနေသည်။ ဦးစောခိုင်ရောက်လာသဖြင့် အပျော်ဆုံးလူမှာ မာရီယာ ပင်ဖြစ်လေသည်။

ရောက်စည ထမင်းစားသောက်ပြီး တီဗီ ဝိုင်းကြည့်ကြသည်။

" ဦးစောခိုင် အမေရိကန်တီဗီကို ဘယ်လိုသဘောရသလဲ "

ဒေါက်တာစတက်ဟန်က မေးသည်။

" အင်း . . . အမှန်ဝန်ခံရရင်တော့ သိပ်မကြိုက်ဘူးဗျာ၊ ကြော်ငြာတွေက များလွန်းတယ် "

" အမှန်ပဲ၊ ကျွန်တော်တို့လည်း မကြိုက်ဘူး၊ ဒါဖြင့် ပိတ်ထားလိုက်မယ်နော် . . . စကားအေးအေးဆေးဆေး ပြောရအောင် . . . "

ဦးစောခိုင်က ခေါင်းငြိမ့်သဖြင့် ဒေါက်တာစတက်ဟန်က တီဗီကို ပိတ်လိုက်သည်။

မာရီယာက ဝင်မေးသည်။

" အန်ကယ် . . . မြန်မာပြည်မှာ တီဗီရှိသလား "

" မရှိသေးပါဘူးကွယ် "

ဤသည်ကို ဒေါက်တာစတက်ဟန်က ရယ်မောရင်း မှတ်ချက်ချသည်။

" သူတို့ဆီမှာ တီဗီဖျော်ဖြေမှုတွေ မလိုပါဘူးကွယ် . . . သဘာဝတရားနဲ့တင် အေးချမ်း ပျော်ရွှင်စရာတွေရှိတယ်။ ဒက်ဒီတို့ဆီသာ အကုန်လုံး စက်မှုလက်မှုနဲ့ အတုအယောင်တွေဖြစ်နေတာ . . . "

" ဒါပေမယ့် ဒေါက်တာ၊ ကျွန်တော်တို့လည်း စက်မှုလက်မှုထွန်းကားအောင် လုပ်နေတယ် "

" စက်မှုလက်မှု ထွန်းကားတာကောင်းပါတယ်၊ ဒါပေမယ့် ဒီကလူတွေ အများလို အတွေးအခေါ်နဲ့ ဘဝခံစားမှုတွေမှာ စက်ကိရိယာဆန်ကုန်မှာတော့ စိုးရိမ်တယ်၊ ကျွန်တော်တော့ ဒီမှာနေ့တိုင်း ဒါကိုစိတ်ပျက်နေတာပဲ . . . "

" ဒေါက်တာ အရှေ့တိုင်းမှာ တော်တော်ကြာကြာ နေခဲ့ဖူးသလား . . . "

" ဟုတ်တယ် . . . တရုတ်ပြည်မှာ နှစ်နှစ်၊ အိန္ဒိယ သုံးနှစ် "

" ဒေါက်တာ ခုနေ တရုတ်ပြည်ကြီးပြန်ရောက်ရင် အစစပြောင်းလဲနေတာ တွေ့ရမှာပဲ "

" ဟာ . . . အမှန်ဘဲ၊ ကျွန်တော် တရုတ်ပြည်ကြီးအကြောင်းသိချင်တယ်၊ ခင်ဗျားတို့ကတော့ ပိုပြောနိုင်မှာပဲ ဦးစောခိုင် ဘယ်လို ပြောင်းလဲနေတာလဲ . . . "

" အကောင်းအတွက် ပြောင်းလဲနေတာပါပဲ "

" အင်း . . . အကောင်းအတွက် ပြောင်းလဲနေတယ်ဆိုရင် ဝမ်းသာစရာပေါ့၊ ကျွန်တော်လဲ ဒီလိုပဲထင်မိတာပဲ၊ ခက်တာက ဒီမှာ တရုတ်ပြည်အကြောင်းပြောကြရင် ဒေါသတွေ၊ မသင်္ကာမှုတွေနဲ့ ပြောကြတယ်၊ ဒါပေမယ့် ဒီဟာလည်း ကြာကြာမခံပါဘူး၊ တရုတ်ပြည်သစ်ဟာ တနေ့ ကုလသမဂ္ဂထဲပါမယ်၊ ခင်ဗျား ဘယ့်နှယ်ထင်သလဲ ဦးစောခိုင် . . . "

" ပါရမှာပဲ၊ တရုတ်ပြည်သစ်ကို ကုလသမဂ္ဂ အသိအမှတ်ပြုတာ မပြုတာဟာ အဓိပ္ပါယ်မရှိတော့ပါဘူး၊ ဘာဖြစ်လို့လဲ ဆိုတော့ အာရှ၊ အာဖရိကနဲ့ ကမ္ဘာ့နိုင်ငံအများက တရုတ်ပြည်သစ်ကို ခင်မင်လေးစားပြီး အသိအမှတ်ပြု ဆက်သွယ်နေကြတာပဲဟာ၊ စောစောက ဒေါက်တာပြောတာမှန်တယ်။ ဒီနေ့ ကမ္ဘာ့နိုင်ငံရေးမှာ ဒေါသတွေ၊ မသင်္ကာမှုတွေ၊ စိုးရိမ်မှုတွေနဲ့ နှစ်ဘက်စလုံး တွေးနေပြောနေတော့ အမှန်ကိုမမြင်ဘူး။ ဒီ ဒေါသတွေ၊ မသင်္ကာမှုတွေ၊ စိုးရိမ်မှုတွေ အားလုံးပျောက်ကွယ်သွားရင် ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် အခြေခံသဘောတူညီမှု ရှာတွေ့ကြမှာပဲ . . . "

ဒေါက်တာစတက်ဟန်နှင့် ဦးစောခိုင်သည် ကမ္ဘာ့ငြိမ်းချမ်းရေး၊ အာရှ၊ အာဖရိကနိုင်ငံများ၏ ကြားနေဝါဒ စသည်တို့ကို အတန်ကြာဆွေးနွေးနေကြသေးသည်။

" ကျွန်တော်တို့ စကားကောင်းနေတာတော့ ဟုတ်တယ်၊ မိန်းမတွေ ပျင်းကုန်ပြီ "

ဦးစောခိုင်က သတိပေးသဖြင့် ဒေါက်တာစတက်ဟန်သည် “ ဟုတ်ပါရဲ့ . . . ဩော် ဦးစောခိုင်၊ ဗမာသီချင်းနားထောင်မလား၊ မာရီယာ တီးပြပါကွယ် . . . ”ဟု ဆို၏။

မာရီယာသည် ပီယာနိုဆီသွား၍ အသံစမ်းသည်။ ထို့နောက် သူ့မိခင်ဘက်လှည့်၍ ပွဲတောင်းသည်။

“ မာမီ ဆိုပေးပါလား . . . ”

ဒေါက်တာစတက်ဟန်ကလည်း ထောက်ခံလိုက်ရာ၊ ဦးစောခိုင်ကလည်း ဝင်ပြောသည်။

“ ဟုတ်သားပဲ လွင် . . . လွင့်အသံမကြားရတာကြာပြီ၊ ကြုံတုန်း နားထောင်ရအောင် . . . ”

ဦးစောခိုင်သည် လွှတ်ကနဲပြောပြီးမှ မိမိစကားမှားသွားကြောင်း သတိထားမိသည်။

ခင်မြလွင်၏မျက်နှာလေးမှာ မသိမသာ လျှပ်ရှားသွား၏။ သို့ရာတွင် ချက်ချင်းပင် ဣန္ဒြေဆောင်၍ သူ့သမီးနားကပ်သွား၏။

“ မာမီ ဘာဆိုရမလဲ ”

“ အန်ကယ့်ကို မာရီယာ ကြွားထားတာရှိတယ် . . . ပတ်ပျိုးတီးနိုင်တယ်လို့၊ ဒီတော့ ချစ်သမျှကို တီးမယ် ”

အလိုက်မသိသော မာရီယာက ဆုံးဖြတ်လေရာ ဦးစောခိုင်မှာ သက်ပြင်းခိုးရှိုက်လိုက်မိသည်။

ခင်မြလွင်က ချစ်သမျှကို ဆိုသည်။ ဦးစောခိုင်က ဒေါက်တာစတက်ဟန်နှင့်အတူ ဣန္ဒြေဆောင် နားထောင်နေသော်လည်း ရင်တွင်း၌ ထိခိုက်မှုရှိနေသည်။

သီချင်းဆုံးသွားသော် မာရီယာက သူ့ဘက်လှည့်သည်။

“ ကဲ . . . ဒီတခါ အန်ကယ့်အလှည့် ”

“ အို . . . ”

ခင်မြလွင်ကလည်း သူ့ကို စူးစိုက်ကြည့်၍ဆိုသည်။

“ ဟုတ်တယ်လေ . . . အပြန်အလှန်ပေါ့ ”

ဦးစောခိုင်မှာ မငြင်းသာဘဲ စန္ဒယားခုံ၌ ဝင်ထိုင်ရသည်။

“ ဒီတခါ ဆိုတီးနော်၊ အန်ကယ် ဘတ်ကနဲလ်မှာဆိုတာ တီးရမယ် ”

“ ဟာ . . . မာရီယာကလဲ တခြားသီချင်းတီးပါရစေ ”

“ ဘာသီချင်းလဲ . . . ဟင် ”

ခင်မြလွင်က ဝင်မေးရာ မာရီယာမဖြေခင်၊ ဦးစောခိုင်က အလျင်အမြန်ဖြေရှင်းရသည်။

“ အလကားပါ၊ ဒီက ကျောင်းသားတွေအတွက် အပျော်အနောက်စပ်ထားတာ၊ ကဲ . . . မာရီယာ အန်ကယ့်အသက်အရွယ်နဲ့လိုက်တာ ဆိုတီးပြမယ် ”

ဦးစောခိုင်သည် မာရီယာ ဆင်ခြေကွန့်မည်ကို မစောင့်တော့ဘဲ စသည်။

“ နံ့သာနီတောင် . . . ကမ္ဘာတည်အောင် ဖန်ဆိုးနဲ့ လဲဝတ်ကြောင် . . . ကေဉသျှောင်ပယ်လျှီး ဈာန်နဲ့နီး၊ ပုတီးလက်တွင်ဆောင်၊ ခရီးမဂ္ဂင်ဖောင် . . . ”

“ အန်ကယ်က လောကကြီး ငြီးငွေ့ပြီး ဘုန်းကြီးဝတ်တော့မလို့လား ”

“ ဩော် . . . မဟုတ်ပါဘူး၊ အန်ကယ်လောကကြီးကို မငြီးငွေ့ပါဘူး၊ ငြီးငွေ့စရာအကြောင်းလည်း မရှိပါဘူး ”

ခင်မြလွင်က မိမိမျက်နှာကို ကွက်ကနဲ တချက်လှမ်းကြည့်သည်ကို ဦးစောခိုင် သတိပြုမိ၏။

မာရီယာက ကာလပေါ်သီချင်းများ ဆက်လက်တီးပြနေသေးသည်။

ညအတန်နက်မှ အားလုံး အိပ်ရာဝင်ကြသည်။ အိပ်ရာမဝင်မီ ဒေါက်တာစတက်ဟန်က ဆိုသည်။

“ အစစ ဘာမှ အားမနာပါနဲ့ ဦးစောခိုင် . . . ဦးစောခိုင်ဟာ လွင်ရဲ့ ငယ်သူငယ်ချင်းမှန်းသိကတည်းက အိမ်ကို ဖိတ်မလို့ပါပဲ၊ ဦးစောခိုင် အဖေနဲ့လည်း ကျွန်တော် အိန္ဒိယမှာတုန်းက အတော်ခင်ပါတယ်၊ ဒီတော့ မိတ်ဟောင်းဆွေဟောင်းမို့ ကိုယ့်အိမ်လိုပဲ သဘောထားပါ . . . ”

× × × × × × × × × × × × ×

(၆)

နောက်တနေ့နံနက်၌ နေအနည်းငယ်မြင့်မှ ဦးစောခိုင် အိပ်ရာမှနိုးသည်။ လဘက်ရည်ခန်းတွင် ခင်မြလွင်တဦးတည်းသာရှိသည်။

" နိုးပြီလား ကိုစောခိုင် . . . အိပ်လို့ကောင်းတယ် ထင်တယ် "

" ဟုတ်တယ် . . . အိပ်လို့ပျော်သွားတယ်၊ အိမ်ရှင်တွေ စောင့်နေရတာ အားနာစရာ . . . "

" ကိစ္စမရှိပါဘူး . . . မာရီယာက နှိုးဦးမလို့၊ အိပ်ပါစေဆိုပြီး လွင်က တားထားတာ "

နေမြင့်အောင်အိပ်တတ်သော ဥည့်သည်မှာ မသိတတ်ရာကျသည်။ သို့ရာတွင် ညက မိုးလင်းခါနီးအထိ အိပ်၍ မပျော်သော မိမိအဖြစ်ကို မိမိသာသိသည်။

ဦးစောခိုင် ငိုင်နေခိုက် ခင်မြလွင်က ကော်ဖီနှင့် မုန့်များ ပြင်ဆင်ပေးသည်။

" ဒေါက်တာရော . . . လွင် "

" အရေးကြီးတဲ့လူနာတဦး ကြည့်စရာရှိလို့ ထွက်သွားတယ်၊ မာရီယာပါ ဈေးဝယ်လိုက်သွားတယ် "

ခင်မြလွင်က တည်ငြိမ်စွာဖြေသည်။

နှစ်ဦးတည်းသာရှိ၍ ဦးစောခိုင်မှာ အနည်းငယ် စိတ်ကျဉ်းကျပ်သွားသည်။

ဦးစောခိုင်က သစ်သီးရည်တခွက် ငုံ့သောက်နေသည်။ ခင်မြလွင်က ဘေကွန်နှင့် ကြက်ဥကြော်ပွဲကို သူ့ရှေ့လာချပေးပြီး စားပွဲတဖက်ထိပ်၌ထိုင်ကာ ကော်ဖီသောက်သည်။

အတန်ကြာ ငြိမ်နေကြပြီးမှ ခင်မြလွင်က စကားစပြောသည်။

" လွင်တို့က ခုလို အိမ်ဖိတ်တာ မအံ့ဩဘူးလား ကိုစောခိုင် "

သူက မော့ကြည့်သည်။ နောက်မှ လေးလေးဖြေသည်။

" အံ့ဩတယ် လွင်၊ ဒါပေမယ့် . . . ခုလို ဝတ္တရားကျေလို့ . . . ဒေါက်တာ့ကိုရော လွင့်ကိုပါ ကိုစောခိုင် ကျေးဇူးတင်တယ် "

" လွင်တို့ကလည်း ခုလို ကိုစောခိုင် လာလည်တာကို ကျေးဇူးတင်ပါတယ် "

ဦးစောခိုင်သည် ဘေကွန်နှင့် ကြက်ဥကြော်ကို စစားသည်။ ခင်မြလွင်က ပေါင်မုန့်နှင့် ထောပတ်ပန်းကန်ကို ရှေ့တိုးပေးသည်။

" လွင့်အနေနဲ့ ကိုစောခိုင်ကို ဖိတ်တာမှာ အထူးရည်ရွယ်ချက်တခုရှိတယ် . . . "

သူက မော့ကြည့်သည်။ ခင်မြလွင်က တည်ငြိမ်စွာပင် ဆက်ပြောသည်။

" ကိုစောခိုင်နဲ့ လွင်နဲ့ ဖြစ်ခဲ့တာကို မေ့သင့်တဲ့အချိန်နဲ့ မေ့နိုင်တဲ့အရွယ်ရောက်ပါပြီ၊ ဒီတော့ ကိုစောခိုင်ကို လွင့်အနေနဲ့ အရင်းနှီးဆုံး ငယ်ပေါင်းမိတ်ဆွေလို ပြောချင်တာတွေရှိတယ် . . . "

" ပြောပါ လွင် . . . ကိုစောခိုင်အပေါ်မှာ မိတ်ဆွေရင်းလို လွင် သဘောထားနိုင်သေးတယ်ဆိုတာသိရလို့ ကိုစောခိုင် ဝမ်းသာမိပါတယ် "

" လွင် ဒီစကားတွေကို ပြောချင်တာကြာလှပါပြီ၊ ဖွင့်ဟပြောထိုက်တဲ့သူ မတွေ့ရသေးဘူး "

သူက ဆိတ်ငြိမ်စွာ နားထောင်နေသည်။

" လွင် ဗမာတွေနဲ့ အပေါင်းအသင်းမလုပ်ဘူး၊ လွင်ပေးထားတဲ့ ဆင်ခြေကတော့ ဗမာတွေနဲ့ ဗမာပြည်ကို စိတ်နာလို့၊ ဒါပေမယ့် . . . အမှန်က ဒီလိုမဟုတ်ဘူး ကိုစောခိုင်၊ လွင် ဗမာတွေကို ရင်မဆိုင်ရဲလို့ပဲ။ သူတို့နဲ့ရင်ဆိုင်ရရင် လွင့်ဘဝလွင် အသည်းနာတယ်၊ ယူကျုံးမရဖြစ်တယ်၊ ဒါကြောင့်မို့ပါ . . . "

ဦးစောခိုင်က ခင်မြလွင်ကို မော်ကြည့်သည်။ ခင်မြလွင်က တည်ကြည်သောမျက်နှာ၌ ငယ်ရုပ်မပျောက်၊ ချောမောဆဲပင်တည်း။

" ဟိုတုန်းက လွင်က အသိဉာဏ်နည်းလို့ မိုက်မဲပြီး ကိုယ့်ပြည် ကိုယ့်မြေကိုစွန့်တယ်၊ ဒါပေမယ့် တကယ်တန်းကျတော့ ကိုယ့်ပြည်ကိုယ့်မြေထက် သာယာတဲ့နေရာဟာ ဒီကမ္ဘာမရှိဘူး ကိုစောခိုင် . . . "

ခင်မြလွင်၏အသံ၌ ဝမ်းနည်းမှုစိုးမိုးလာသည်။

" လွင် ငယ်ငယ်ကကြားဖူးတဲ့ ဘုရားလောင်းကျေးမင်းရဲ့ဝတ္ထုကို သွားသတိရမိတယ်။ မိုးခေါင်ရေရှားလို့ အသီးကင်းတဲ့ အခါမှာ တခြားကျေးငှက်တွေက သဖန်းပင်ကြီးကို စွန့်ခွာပြေးကြတယ်။ ဘုရားအလောင်း ကျေးမင်းသာ အသီးကုန် အရွက်စား၊ အရွက်ကုန် အခေါက်စားနဲ့ သစ္စာရှိစွာကျန်ရစ်တယ်။ ဒီသစ္စာကြောင့် ရေသဖန်းပင်ကြီးဟာ ပြန်လည်စိုပြည်ပြီး အသီးအပွင့်တွေ ဝေဆာမြိုင်ဆိုင်ခဲ့တယ်တဲ့။ အဲဒီတော့ ဟိုတုန်းက ဗမာပြည်ကြီးကို စွန့်ခွာပြေးတဲ့ ကိုစောခိုင်မိဘတွေ၊ လွင့်မိဘတွေနဲ့ လွင်ဟာ သစ္စာမဲ့တဲ့ ကျေးသားတွေနဲ့ ဘာထူးလဲ၊ ကိုစောခိုင်နဲ့ မျိုးချစ်တွေကတော့ ဘုရားလောင်းကျေးမင်းတွေပမာပါပဲ။ ကိုစောခိုင်တို့ရဲ့ ကျေးဇူးသစ္စာကြောင့် မြန်မာပြည် ရေသဖန်းပင်ကြီးဟာ စိုပြည်တင့်တယ်နေပြီ "

ဦးစောခိုင် ဘာမျှဝင်မပြောမိ၊ ဘာစိတ်ကူးနှင့် ခင်မြလွင်သည် ဤစကားတွေကို ပြောနေရသနည်း။

" ဟိုတုန်းကတော့ လွင် ဒီသဘောတွေမပေါက်ဘူး၊ ဒါပေမယ့် . . . ဒီမှာ အနေကြာလေ၊ မြန်မာပြည်ကို ပြန်လွမ်းလေပဲ၊ လွင့်လင်သားဟာ မြင့်မြတ်ကြင်နာပြီး လိုလေသေးမရှိအောင် ထားပါတယ်၊ အမေရိကန်ပြည်ကြီးဟာလဲ ကြီးကျယ်သာယာပါတယ်၊ ဒါပေမယ့် ဗမာဟာ ဗမာပဲ ကိုစောခိုင်၊ လွင့်ရင်ထဲမှာ အမြဲတမ်းဟာပြီး အမြဲတမ်း တခုခုလိုနေတယ်။ လွင့်ကိုယုံပါ့မလား . . . "

" ယုံပါတယ်လွင်၊ လွင့်လိုပဲ အကြောင်းကြောင်းကြောင့် ဒီနိုင်ငံရောက်လာတဲ့သူတွေ၊ မြန်မာအစိုးရငွေနဲ့ ပညာလာသင်ပြီး မပြန်ဘဲနေခဲ့မိတဲ့သူတွေ၊ ဒီလူတွေကို ကိုစောခိုင် အများကြီးတွေ့ခဲ့ရတယ်။ သူတို့တွေလည်း မပျော်ကြဘူး။ မြန်မာပြည်ကိုလွမ်းပြီး မျက်ရည်ဝဲနေသူချည်းပါ "

" လွင့်ကိုယုံတယ်ဆိုလို့ ကျေးဇူးတင်ပါတယ် ကိုစောခိုင်၊ လွင်တနေ့မှာ မြန်မာပြည်ကိုပြန်လာချင်တယ်၊ ဒါပေမယ့် မြန်မာပြည်ကြီးက လွင့်ကို ပြန်လက်ခံပါဦးတော့မလား . . . "

" ဘာ့ကြောင့် လက်မခံရမှာလဲ လွင်၊ မိခင်မြန်မာပြည်ဟာ ရင်သွေး သားသမီးတွေကို အမြဲတမ်း လက်ဆိုကြိုဆိုနေပါတယ် "

" ဒီစကားပြောရလို့ လွင် ဝမ်းသာပါတယ်၊ ဒါပေမယ့် လွင့်စိတ်ထဲမှာရှိတာသာ ပြောရတာပါ။ ဒီလင်သား သံယောဇဉ်နဲ့ ဆိုပြန်တော့ လွင် . . . ဒီကခွာဖို့ဟာ မဖြစ်နိုင်ပြန်ဘူး "

" လွင့်ကို ကိုစောခိုင် နားလည်ပါတယ်၊ လင်သားအပေါ် သစ္စာရှိခြင်းဟာ မြင့်မြတ်ပါတယ် "

" အမှန်ပဲ ကိုစောခိုင်၊ လွင့်ကို ခွင့်လွှတ်ပါ။ သူ့အပေါ်မှာ လွင် သိပ်ချစ်တယ်။ ဒီတော့ လွင့်အနေနဲ့ သူရှိရာမှာပဲ နေတော့မယ်၊ မာရီယာ့အတွက်တော့ တမျိုးပဲ . . . "

ဦးစောခိုင် မော့ကြည့်မိပြန်သည်။

" ဘယ်လို တမျိုးလဲ . . . "

" မာရီယာကိုတော့ လွင် . . . မြန်မာပြည်ပြန်လွှတ်မယ်၊ ဟိုမှာ ဆွေမျိုးသားချင်းတွေ အများကြီးရှိသေးတယ်။ ဒီမှာကတော့ မရှိဘူး၊ ဒေါက်တာ့ဘက်ကလဲ မရှိဘူး၊ ရှိသမျှကလဲ ဒီမှာ ဆွေမျိုးသားချင်းဆိုတာ လိုက်လိုက်လှဲလှဲ မရှိကြဘူး။ ဒါကြောင့်လဲ လွင် . . . မာရီယာ့ကို မြန်မာဆန်အောင် ကြိုးစားမွေးမြူခဲ့တာပဲ . . . "

ဦးစောခိုင် သဘောပေါက် နားလည်ဟန်ဖြင့် ခေါင်းတဆတ်ဆတ်ငြိမ့်မိသည်။

" ပြီးတော့ ဒီက အိမ်ထောင်ရေးတွေကိုလဲ လွင်မကြိုက်ဘူး၊ မာရီယာ့ကို ဗမာတယောက်နဲ့ပဲ ပေးစားပြီး မြန်မာပြည် ပြန်ခိုင်းမယ် စိတ်ကူးထားတယ် "

" ဒီလိုဆို . . . သူ့အဖေအပေါ်မှာ လွင် တရားပါ့ဦးမလား "

" သူ့အဖေကလဲ ဒီသဘောပဲရှိတယ် ကိုစောခိုင်၊ ပြီးတော့သူက သူ့သမီးသဘောကျ ခွင့်လွှတ်တဲ့သူ . . . "

" ဒီလိုဆိုရင် ကောင်းပါလေရဲ့ . . . လွင် "

ဦးစောခိုင်သည် ကော်ဖီတခွက်ကို ငှဲ့သောက်သည်။

" ဘတ်ကနဲလ် ပွဲတော်အတွင်း မာရီယာဟာ ကိုစောခိုင်နဲ့ ကြုံဖန်တွေ့လာရတယ်။ ပထမတော့ လွင် မာရီယာ့ကို တားမြစ်သေးတယ်၊ တားမြစ်ရတာတော့ မာရီယာနဲ့ပတ်သက်ပြီး ကိုစောခိုင်ကို လွင် . . . ပြန်ရင်ဆိုင်ရမှာ ကြောက်လို့ပဲ။ အခုတော့ လွင့်မှာ ဒီစိတ်မရှိတော့ပါဘူး၊ ပြီးတော့ မာရီယာဟာ . . . လွင်ထင်တယ် . . . ကိုစောခိုင်အပေါ်မှာ အတော် သံယောဇဉ်တွယ်နေတယ် "

ဦးစောခိုင်က ခင်မြလွင်ကို ထိတ်လန့်စွာ မော့ကြည့်သည်။

" လွင့်အမှားလည်း ပါပါတယ်လေ . . . လွင်က ကိုစောခိုင်နဲ့ လွင့်အကြောင်းကို သူ့ကိုသွားပြောမိတယ်။ ပြောတုန်းကတော့ သူ ကိုစောခိုင်နဲ့ မဆက်သွယ်အောင်ပါ၊ ဒါပေမယ့် မာရီယာဟာ သိပ်စိတ်ကူးယဉ်တတ်တဲ့ မိန်းကလေးဆိုတာ လွင့်မေ့သွားတယ်။ သူက ကိုစောခိုင်ကို ဟီးရိုးလို ကြည်ညိုသနားပြီး၊ သူ့ကိုယ်သူ လွင့်နေရာမှာ ထားကြည့်နေတယ် "

ခင်မြလွင်က သက်ပြင်းရှိုက်လိုက်သည်။

" လွင် . . . ဘာရည်ရွယ်ချက်နဲ့ ကိုစောခိုင်ကို ဒီစကား ပြောတာလဲ . . . "

ခင်မြလွင်သည် ငိုင်သွား၏။ အတန်ကြာမှ ဦးစောခိုင်၏မျက်လုံးများကို ငေးစိုက်ကြည့်၍မေးသည်။

" ကိုစောခိုင်ကရော . . . မာရီယာ့ကို ဘယ်လောက် သံယောဇဉ်ရှိနေသလဲ "

ဦးစောခိုင် ငိုင်ကျသွားသည်။ မည်သို့ဖြေရပါမည်နည်း။ အတန်ကြာမှ ခြောက်ကပ်စွာ ပြန်မေးသည်။

" ဒါကို ကိုစောခိုင် ဖြေဖို့လိုသလား "

" လိုတယ် ကိုစောခိုင် "

ဦးစောခိုင်သည် ခေါင်းကိုခါသည်။

“ ကိုစောခိုင် ဘာဖြေရမယ်ဆိုတာ မသိဘူးဆို . . . လွင် အံ့ဩမယ်၊ ကိုစောခိုင်စိတ်ကို ကိုယ်စောခိုင် မသိဘူး ”

ခင်မြလွင်က သူ့ကို အံ့ဩစွာပင် မော့ကြည့်သည်။

“ လူတယောက်ဟာ ကိုယ့်စိတ်ကို အခါခပ်သိမ်း အမှန်ဘယ်လိုသိမလဲ လွင်၊ မာရီယာ့အပေါ်မှာ ကိုစောခိုင် သံယောဇဉ် ရှိသင့်သမျှရှိတယ်၊ ဒါပေမယ့် အဲဒီ သံယောဇဉ်ရဲ့ အဓိပ္ပါယ်ဟာ ဘာလဲ။ ဒါကို လွင်နားလည်လိမ့်မယ်ထင်တယ်၊ ကိုစောခိုင် ဒီစကားကို အခုမပြောအပ်ဘူး၊ ခက်တာက ပြောရမယ် . . . မာရီယာ့ပေါ်မှာထားတဲ့ ကိုစောခိုင်ရဲ့သံယောဇဉ်ပေါ် အရိပ်တခုမိုးနေတယ်၊ အဲဒီအရိပ်မိုးနေသမျှ . . . ”

ဦးစောခိုင်သည် စကားရှာမရသူပမာ ရပ်သွားသည်။

“ အဲဒီအရိပ်ဟာ ပျောက်သွားပြီး ကိုစောခိုင် မာရီယာ့အပေါ် ဖြူဖြူစင်စင် ချစ်နိုင်ပါစေလို့ လွင်ဆုတောင်းတယ်”

“ လွင် . . . ဘာကို ဆိုလိုတာလဲ . . . ”

“ လွင် ဆိုလိုတာ ရှင်းပါတယ်၊ ဘာပဲပြောပြော လွင်ဟာ ကိုစောခိုင်ရဲ့ဘဝကို ညှိုးနွမ်းစေခဲ့တယ် . . . မာရီယာကြောင့် ကိုစောခိုင်ရဲ့ဘဝဟာ ပြန်လည်စိုပြည်မယ်ဆိုရင် လွင့်ကိုယ်စား မာရီယာကို ကိုစောခိုင်နဲ့ လွင် ကြည်ဖြူတယ် . . . ”

ဦးစောခိုင်မှာ ကြားလိုက်ရသည်ကို မယုံ . . .။

“ လွင် . . . ဘာပြောတယ် ”

“ မာရီယာ့ကို ကိုစောခိုင်နဲ့ လွင် ကြည်ဖြူတယ် ”

ဦးစောခိုင်သည် ခင်မြလွင်ကို စူးစိုက်ကြည့်မိသည်။ ရင်တွင်း၌လည်း ပြည့်လျှမ်းလာသည်။ ထို့နောက် ခေါင်းကို ညင်သာစွာ ခါသည်။

“ လွင် ဒီစိတ်ထားကို ကိုစောခိုင် သိပ်ကျေးဇူးတင်မိတယ်၊ ဒါပေမယ့် အားလုံးဟာ မဖြစ်နိုင်ဘူး . . . ”

“ ဘယ်လို ကိုစောခိုင်၊ မဖြစ်နိုင်ဘူး . . . မဖြစ်သင့်ဘူး ဟုတ်လား . . . ”

“ ဟုတ်တယ် လွင်၊ ဖြစ်သင့်တယ်ထင်ရင် မာရီယာနဲ့ ကိုစောခိုင်ဟာ ဒီအခြေမှာ ဘယ်အထိ နယ်လွန်ခဲ့ကြမယ် မဆိုနိုင်ဘူး။ ဒါပေမယ့် ခုနက ကိုစောခိုင်ပြောပြီးပြီ၊ ကိုစောခိုင်ရဲ့ သံယောဇဉ်အပေါ်မှာ အရိပ်တခုမိုးနေတယ်၊ ဒီအရိပ်ဟာ ဘယ်ချိန်အထိ မိုးမယ်ဆိုတာ မသိဘူး ”

ခင်မြလွင်က သူ့အား မျက်ရည်ဝဲ၍ကြည့်နေသည်။ သူ့ခံစားချက်ကို မိမိရင်နှင့်လည်း နားလည်လိုက်ရသည်။

“ ပြီးတော့ လွင်ကပြောတယ်၊ လွင်နဲ့ ကိုစောခိုင် ဖြစ်ခဲ့ကြတာတွေကို မေ့နိုင်တဲ့အရွယ်ရောက်ပြီဆိုတယ်၊ မေ့နိုင်တယ် ဆိုတာက တကဏ္ဍ၊ မေ့တယ် . . . မမေ့တယ် ဆိုတာက တခြား။ ကိုစောခိုင်တို့က မေ့ကြတယ်ထား၊ အကြောင်းစုံသိပြီးတဲ့ မာရီယာက မေ့နိုင်မလား၊ အခုလို ရှုးတုန်းမိုက်တုန်း အမှုမထားပေမယ့် . . . အမှုထားတဲ့အချိန်မှာ ကိုစောခိုင်တို့ သုံးဦး ဆက်ဆံရေးဟာ ဘယ်လိုဖြစ်လာမလဲ။ ကိုစောခိုင် အရှည်ပြောကြည့်တာပါ . . . ”

ခင်မြလွင် ငိုင်နေသည်။ အံကိုလည်း ကြိတ်ထား၏။

“ နောက်တချက်က ကိုစောခိုင်ကို မာရီယာ့တွယ်တာမှုအဓိပ္ပါယ်ကကော ဘာလဲ၊ စိတ်ကူးယဉ် သူငယ်မတယောက်ရဲ့ ယာယီစွန့်စားမှုဖြစ်နေမလား၊ ဒီလိုဖြစ်နေရင် တဘဝတာ ခိုင်မြဲပါ့မလား . . . ”

စကားစပြောစဉ်က ဦးစောခိုင်၌ တုန်ယင်မှုရှိသည်။ ယခုမူ တည်ငြိမ်လာ၍ အသံမှာ လေးနက်လာသည်။

“ နောက်ဆုံးအချက်ကတော့ မာရီယာ့အပေါ်မှာထားရှိတဲ့ ကိုစောခိုင်ရဲ့ စေတနာ မေတ္တာအစစ်ပါပဲ၊ မာရီယာဟာ ဆယ့်ရှစ်နှစ်ပဲ ရှိသေးတယ်၊ ကိုစောခိုင်က လေးဆယ်ပြည့်တော့မယ်။ အဲဒီ အဓိကအချက်ကြောင့်ပဲ ကိုစောခိုင်စိတ်ကို အနိုင်နိုင် ထိန်းခဲ့တယ်။ ဇောဟုန်ပြင်းဆဲမှာ ဒီအချက်ကို ထည့်မတွက်ပေမယ့် ရေရှည်ကျတော့ တသက်တာပြင်မရအောင် နောင်တရဖွယ် ဖြစ်လာမယ် . . .။ နုပျိုလှပတဲ့ မာရီယာဟာ အခြားနုပျိုလှပတဲ့သူတဦးရဲ့ လန်းဆန်းသော ချစ်ခြင်းကိုသာ ရထိုက်တယ်။ ကိုစောခိုင်ကတော့ လူလဲအိုပြီ၊ စိတ်လည်း မသန်တော့ပါဘူး ”

ခင်မြလွင်၏မျက်လုံး၌ မျက်ရည်များပြည့်နေ၏။

“ ဒါ ကိုစောခိုင်ရဲ့ ဆုံးဖြတ်ချက်လား . . . ”

“ ဒါ ကိုစောခိုင်ရဲ့ ဆုံးဖြတ်ချက်ပဲ လွင်၊ လွင်ရဲ့ စေတနာကို ကိုစောခိုင် နားလည်ပြီး လေးစားပါတယ်။ ဒါပေမယ့် ဒီနေရာမှာ အကျိုးအပြစ်ခံစားရမှာက လွင်နဲ့ ကိုစောခိုင် မဟုတ်ဘူး . . . မာရီယာ ”

ထိုစဉ် အိမ်တွင်းသို့ ကားပြန်ဝင်လာသည်။

ခင်မြလွင်က နေရာမှထသည်။

" တကြိမ်က ကိုစောခိုင်ကို လွင် စိတ်နာဖူးတယ်၊ အရှုံးလည်း ပေးခဲ့ရဖူးတယ်။ ဒီတခါတော့ စိတ်မနာဘဲ လွင်က အရှုံးပေးပါတယ် . . . ကိုစောခိုင်ရဲ့ မြင့်မြတ်မှုကိုလည်း လွင် တသက်မမေ့ပါဘူး။ ကိုစောခိုင် တသက် စိတ်ချမ်းသာနိုင်ပါစေ . . . "

ဦးစောခိုင်ကလည်း စိတ်တွင်းမှ တိုးတိုး ဆုတောင်းမိသည်။ မှန်သည်၊ တသက် စိတ်ချမ်းသာရပါလို၏။

× × × × × × × × × × × × ×

(၇)

ပြတင်းမှရပ်ကာ ဦးစောခိုင်သည် ငိုင်ရင်း ဖြစ်ပျက်ခဲ့သမျှကို အံကြိတ်စဉ်းစားနေသည်။

မာရီယာတို့အိမ်မှ ပြန်လာပြီးနောက် သူသည် ခြေရာလည်းပျောက် ရေလည်းနောက်ခဲ့သည်။

သင်တန်းရှိသည်တို့ ပြီးဆုံးသည်နှင့်တပြိုင်နက် ဘတ်ဖဲလိုးမြို့ရှိ သူငယ်ချင်း ကိုထိန်ဝင်းထံ တိတ်တဆိတ် သွားရှောင်နေခဲ့သည်။ ဘတ်ဖဲလိုးမြို့ကပင် မြန်မာပြည်ပြန်ရေးကို စီစဉ်ရသည်။

ပြန်ရကာနီး နယူးယောက်မှ ကြေကွဲဖွယ်သော မာရီယာ၏စာများကို ကိုသိန်းဟန်ထံမှ ရရှိခဲ့သည်။

နောက်ဆုံးတော့ စိတ်တဝက်တပျက်နှင့် ဝါရှင်တန်ပြန်ရောက်ခဲ့သည်။ အနည်းဆုံးတော့ ကလေးအငိုတိတ်အောင် ချော့ခဲ့ရန် မိမိမှာ ဝတ္တရားရှိသည် ထင်သည်။

ဦးစောခိုင် အတွေးလွန်နေခိုက် ကိုစိုးမြင့်သည် ရေချိုး အဝတ်လဲပြီးဖြစ်နေသည်။

" ကဲ . . . ကျွန်တော် သွားမယ်၊ ဟောဒီမှာ . . . သော့အပိုတချောင်းထားခဲ့တယ်။ မာရီယာကိုတော့ တွေ့ဖြစ်အောင် တွေ့လိုက်ပါဦးဗျာ "

ကိုစိုးမြင့် စကားမဆုံးခင် အနီးရှိ လူခေါ်ဘဲလ် မြည်လာသည်။

" ဟော . . . ရောက်လာပြီထင်တယ်၊ ကဲ . . . ကျွန်တော်လဲ တခါတည်းသွားမယ် "

ကိုစိုးမြင့်က တံခါးဖွင့်ပေး၍ မာရီယာဝင်လာခိုက် သူက လှေကားမှ ခပ်သွက်သွက် ဆင်းပြေးသည်။

ဦးစောခိုင်က မာရီယာကို ငေးကြည့်နေမိသည်။

မာရီယာက ရပ်နေရာမှ ပြေးလာကာ သူ့ရင်ခွင်ဝယ် မျက်နှာအပ်၍ငိုသည်။

သူက တံတွေးကိုသာ မျိုချနေသည်။ ဘာစကားမှ မပြော၊ ပြော၍လည်းမရ . . .။

အတန်ကြာမှ မာရီယာသည် သူ့ကိုမော့ကြည့်ကာ ဆိုသည်။

" အန်ကယ် . . . သိပ်ရက်စက်တယ် "

" အန်ကယ် . . . မရက်စက်နိုင်လို့ . . . အခုပြန်လာတာပေါ့ . . . မာရီယာ "

မာရီယာ၏ မျက်ရည်ရွဲသော မျက်လုံးလေးများ၌ မျှော်လင့်မှုရောင်ခြည်တောက်လာသည်။

" အန်ကယ် . . . တကယ်ပြောတာလား၊ မာရီယာ့ဆီ ပြန်လာတာလား "

သူက မာရီယာ၏မျက်နှာလေးကို ငုံ့ကြည့်မိသည်။

ကော့ပျံရှည်လျားသော မျက်တောင်ထက် မျက်ရည်ဥ ပုလဲစက်များ ခိုတွဲနေသည်။ ဖြူဝင်းသောအသားနှင့် နုစင်သောမျက်နှာလေးသည် ရှုမရဲအောင်ရှိသည်။

သူ့ တင်းဆည်ထားသမျှတို့ လျော့ကျကုန်သည်၊ ဆုံးဖြတ်ထားသမျှတို့ မေ့ကွယ်ကုန်သည်။

အိုမင်းသောရင်၌ ပျိုလွင်သော မေတ္တာပန်းတပွင့် ရုတ်တရက် ဖူးပွင့်လာခြင်းကို သတိပြုမိသည်။

သူသည် မာရီယာ၏ ခါးလေးကိုပွေ့ဖက်ကာ နုထွေးသောနှုတ်ခမ်းတို့ကို နမ်းမိသည်။ လုလင်ပျိုတဦး၏ တက်ကြွခြင်းဖြင့် နမ်းမိသည်။

" မာရီယာ့ကို အန်ကယ် ချစ်ပါတယ်၊ ချစ်ပါတယ် "

" မာရီယာ့ကို အန်ကယ် တကယ်ချစ်လား "

" တကယ်ချစ်လို့ အန်ကယ့်မှာ ခက်နေရတယ် မာရီယာ "

" အန်ကယ်က ဘာတွေ ခက်နေရတာလဲ "

" မာရီယာ့ကို အန်ကယ်ချစ်လို့ တနေ့မှာ အန်ကယ်ဆုံးရှုံးမှာ ပူမိတယ်။ ဒီတော့ မဆုံးရှုံးအောင် အစကတည်းက မပိုင်ဆိုင်ချင်ဘူး . . . မာရီယာ "

မာရီယာသည် ရင်လေးကော့ကာ သူ့ကိုရင်ဆိုင်သည်။

" မာရီယာ့ကို အန်ကယ်က ဘာလို့ ဆုံးရှုံးရမှာလဲ . . . "

" ဩော် . . . ဒီလိုရှိတယ် မာရီယာ "

" အန်ကယ် ဆင်ခြေတွေပေးဦးမယ်၊ မာမီ့ဆီက မာရီယာ အကုန်ကြားပြီးပါပြီ . . . မာရီယာ့အချစ်ကို မယုံဘူး မဟုတ်လား . . . "

" ဒီလိုလဲမဟုတ်ဘူးလေ "

" ဟုတ်ပါတယ်၊ ဒါပေမယ့် အန်ကယ့်ကို မာရီယာ တခုမေးမယ်၊ အချစ်ရဲ့အတိမ်အနက်ကို အသက်ရဲ့အကွာအဝေးနဲ့ တိုင်းတာလို့ရသလား "

ဦးစောခိုင်က မဖြေနိုင်။

" ပြီးတော့ . . . တကြိမ်က အန်ကယ်ရဲ့ခေါင်းမာမှုကြောင့် မိန်းမသားတဦးဟာ သူ့ပြည်ကို စွန့်ခဲ့ရတယ်။ အခု မာရီယာချစ်တဲ့မြေကို ပြန်ချင်တဲ့ မာရီယာကိုရော . . . အန်ကယ် ရင်ဝစုန်ကန် ငြင်းဦးမလို့လား "

ဦးစောခိုင် ထိတ်လန့်တုန်လှုပ်သွားသည်။ မာရီယာ၏စကားသည် မှန်လွန်း၍ သူ့အသည်းနှလုံးကို ထိခိုက်သွားသည်။

" တော်တော့ မာရီယာ အန်ကယ်သဘောပေါက်ပြီ၊ မာရီယာ့ရင်ကို အန်ကယ် ဘယ်တော့မှစုန်မကန်တော့ဘူး "

သူက မာရီယာ၏လက်ကလေးများကို ယုယစွာဆုပ်ကိုင်ရင်း ပြောမိသည်။

" အန်ကယ့်ကို မာရီယာချစ်တာဟာ မြန်မာပြည်ကို မာရီယာပြန်လာဖို့ အထောက်အကူဖြစ်တာ အန်ကယ် ဝမ်းသာတယ်။ ဒါပေမယ့် တခုတော့ရှိတယ်၊ လူတယောက်ကိုချစ်ရုံနဲ့တော့ မြန်မာပြည်ကို ပြန်မလာခဲ့နဲ့ မာရီယာ၊ မြန်မာပြည်ကို ချစ်ပါမှ ပြန်လာခဲ့ "

" မာရီယာ့အတွက်တော့ အဲဒီ လူတယောက်နဲ့ မြန်မာပြည်ဟာ ခွဲလို့မရဘူး "

မာရီယာက ကလေးငယ်ကဲ့သို့ သူ့ကိုပွေ့ဖက်ရင်းဆိုသည်။

" ဒါထက် အန်ကယ် ဘယ်တော့ပြန်မလဲ "

" နောက်သုံးရက်ကြာရင် ပြန်ရမယ်ကွယ် "

မာရီယာ၏ မျက်နှာကလေးမှာ အနည်းငယ် ညှိုးကျသွားသည်။

" မာရီယာ စိတ်မကောင်းဘူးလား "

" မာရီယာ ဘယ်လိုလုပ် စိတ်ကောင်းရမလဲ "

ဦးစောခိုင်က မာရီယာ၏ မေးလေးကို သူ့လက်ဖြင့်မော့၍ ဆိုရသည်။

" နားထောင်စမ်း မာရီယာ၊ မာရီယာ နှစ်သက်တယ်ဆိုတဲ့ အန်ကယ့်သီချင်းထဲက စာသားလေ၊ ချစ်ရင်မဝေး၊ မမုန်းရင်နီးမယ် ဆိုတာ . . . "

မာရီယာ၏ မျက်နှာလေး ရွှင်ကြည်လာသည်။

" အန်ကယ် ဒီစကားကို ယုံသလား "

" ယုံလို့ စပ်တာ မာရီယာ "

" အန်ကယ်ယုံရင် မာရီယာလည်း ယုံတယ်၊ မာရီယာ အသက် ၂၁နှစ်ပြည့်ရင်လေ မာရီယာ ကိုယ်ပိုင်ဆုံးဖြတ်ခွင့် ရှိပြီ။ အဲဒီအချိန်ကျတော့ မာရီယာ မြန်မာပြည်ကို ပြန်လာခဲ့မယ် "

" ပြန်လာခဲ့ပါ မာရီယာ . . . မာရီယာ့ကို အန်ကယ် မျှော်နေပါ့မယ် "

မာရီယာသည် ကျေနပ်နှစ်သိမ့်စွာဖြင့် အပြင်ဘက်ကို လှမ်းကြည့်သည်။

" အန်ကယ် မာရီယာတို့ လမ်းလျှောက်ရအောင်၊ ချယ်ရီပင်တွေဆီ သွားကြတာပေါ့၊ အဲဒီကျရင် အန်ကယ် မာရီယာ့ကို သီချင်းဆိုပြရမယ် "

သူက မငြင်းဘဲ မာရီယာနှင့်အတူ ချယ်ရီပင်များဆီ ထွက်လာခဲ့သည်။ ချယ်ရီပင်အောက်ဝယ် မာရီယာချစ်သော တေးကိုပင် ဆိုပြခဲ့ရသည်။

" ခရီးနှင်လေလွင့် . . . တိမ်ဦးနှယ်၊ လူ့ဘဝ ကွန်းရိပ်တခွင်၊ တနွေဝင် ညိုဝါခြောက်တော့၊ စိုးနှောင့်ဗျာပါဝင် မပူပန်စေချင်၊ မိုးရောက်ပြန်က သစ်ဦး ဓမ္မတာပင် "

× × × × × × × × × × × × ×

လေဝယ်လွင့်သော တိမ်ပမာဘဝမို့ မာရီယာနှင့်ခွဲကာ ဦးစောခိုင်သည် မြန်မာပြည် ပြန်ရောက်ခဲ့ရသည်။

ပိတောက်ဖူးလုလု နွေဦးဝယ် တကြိမ်က အမှတ်မထင် စပ်သီခဲ့မိသော တေးတပုဒ်ကိုပင် ညည်းရ၏။

“ မုတ်သုန်လေရူး တောင်ကမြူးခိုက်၊ နွေဦးရော်ရွက် မြေမှာသက်တဲ့၊ မောင်တို့ပြည်ရွာ စခန်းရောက်ရင်၊ မင်းလွင်မြူခိုး တိမ်ခိုးတွေယှက်၊ တောင်တော်စေတီထက်တွင်၊ မယ်တို့ဆီမှန်း လွမ်းရမည်ပင်၊ ဆောင်းရွက်ကြွေဆဲ တပြည်သူရွှေစင်၊ မောင့်ရဲ့သခင် ငယ်ကမက္ကွမ်းတဲ့ . . . တကျွန်းသခင် ”

တကျွန်းတမြေမှ မိခင်မြေဆီ ပြန်လာလေမည့် ချစ်သောမာရီယာကို မှန်းမျှော်ရသည်။

မာရီယာ ပြန်လာပါစေသတည်း။ မာရီယာတွင်မက မိခင်မြေ ရေသဖန်းပင်ကိုစွန့်၍ အဝေးဝယ် မျက်ရည်ဝဲနေသူ အပေါင်း ပြန်လာနိုင်ကြပါစေသတည်း။

သူတို့ပြန်လာလျှင် ခွင့်လွှတ်သော အမိမြေသည် လက်ကမ်းကြိုဆိုလေမည်။

မာရီယာ့ကိုလည်း ဦးစောခိုင်ကြိုရပါမည်။ မာရီယာချစ်သော ပိတောက်နှင့် ကြိုရပါမည်။

တက္ကသိုလ် ဘုန်းနိုင်

(စကားစပ်မိတိုင်း မျက်ရည်ဝဲ၍ မိခင်မြေကိုလွမ်းကြသူ အဝေးရောက် မိတ်ဆွေများသို့ . . .)